မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဇွန်ဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၃၃) ၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၆-၁၁-၂၀၂၆၊ သောကြာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

တပ်မတော်စစ်သိမ်းပြုတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၅

ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင်

စာမျက်နှာ ၄ သို့ ❍

ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ် ၁၂ မျိုး မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် စတင်ဝင်ရောက် ကျက်စား

ရန်ကုန် နိုဝင်ဘာ ၅

ငှက်မျိုးစိတ်ကြွယ်ဝသည့် မြန်မာနိုင်ငံတွင် ယခုဆောင်းဦးရာသီ၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ် ၁၂ မျိုး မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဆောင်းခိုငှက်များအဖြစ် စတင်ဝင်ရောက်ကျက်စားနေပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ သို့ ■

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲယဉ်း ဧက ၂၃၀ စိုက်ပျိုးမည်

ပွင့်ဖြူ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ဧက ၂၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ဧက ၂၃၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲယဉ်းသီးနှံစိုက်ပျိုးခြင်းကို ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်သူများ အခက်အခဲမရှိအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့် ကိုက်ညီသောမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် စိုက်နည်းစနစ်များ မှန်ကန်စေရေး



အတွက် မြေပြင်ကွင်းဆင်း၍ ပုံပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲယဉ်း ဧက ၂၃၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပဲယဉ်းသီးနှံစိုက်ပျိုးခြင်းကို ယခုလ တတိယအပတ်လောက် စတင်စိုက်ပျိုးသွားမှာ ဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ တောင်သူတွေကိုလည်း ပဲယဉ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေးနဲ့ ပိုးမွှားရောဂါကင်းရှင်းရေး စတဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပဲယဉ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပို့လွှဲမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မွဲဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲယဉ်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသဓလေ့ကြီးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

(၄၄၅)

အသိပေးကြေညာချက်

နေ့စဉ်နိုင်ငံတော်အတွက် လိုအပ်သောကုန်စည်များအတွက် အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်၊ ထိုင်းဘတ်၊ အိန္ဒိယရူပီတို့ကို FX Online Trading Platform တွင် AD လိုင်စင်ရဘဏ်များမှ တစ်ဆင့် သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးလျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website နှင့် နေ့စဉ်နိုင်ငံခြားသတင်းစာများတွင် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလမှ ယနေ့အထိ FX Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ (၂,၂၁၁.၂)သန်း၊ တရုတ်ယွမ်(၁,၉၀၇.၁)သန်း၊ ထိုင်းဘတ် (၆,၇၁၂.၈)သန်း၊ အိန္ဒိယရူပီ(၇၄.၅)သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့်လည်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၁,၇၀၃)သန်းခန့်အား ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တရားဝင်ငွေလဲလှယ်နှုန်းများကို ဗဟိုဘဏ် Website တွင် နေ့စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိသဖြင့် Money Changer များတွင်လည်းကောင်း၊ ဘဏ်နှင့် Customer များအကြားတွင်လည်းကောင်း ဝယ်ယူရောင်းချခြင်းများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထုတ်ပြန်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်းများဖြင့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပေးထားသည့် တရားဝင်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေကြေးများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိရုပါကလည်းကောင်း၊ သတ်မှတ်စျေးနှုန်းဖြင့် ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ မပြုပါကလည်းကောင်း နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား **ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ** ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၅

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ ၈၀

၂၀၂၆ ခုနှစ်၊ နိဝင်ဘာ ၆ ရက်၊ သောကြာနေ့။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများအား နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်း နိဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တာဝန်ပေးအပ်ခဲ့တွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၂၈၃ ဦးနှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၁၇၉ ဦး စုစုပေါင်း ၄၆၂ ဦးကို နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများ ပေးအပ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် သူနာပြု ၂၄၃၃ ဦးတို့ကို သစ်လွင် သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆက်လက်စီစဉ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ သူနာပြုများနေထိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ရရှိထားသော ပညာအရည်အချင်းအလိုက် ထောက်ပံ့ကြေးများ၊ ရာထူးအဆင့်အလိုက် လစာနှုန်းတိုးမြှင့်ခြင်းများဆောင်ရွက်ခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် Capacity Building အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မိမိတို့ အရည်အသွေးတိုးတက်လာစေရေးအတွက် ကြိုးစားကြစေလိုကြောင်း သစ်လွင်သူနာပြုများအား ကျန်းမာရေးဝန်ကြီးဌာနမှ မိသားစုဝင်အဖြစ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြု ကြိုဆိုပါကြောင်း၊ ပြည်သူလူထုအားကိုးအားထားရသော သူနာပြုဆရာ၊ ဆရာမကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်းအပြန်အလှန်လေးစားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များပြည့်မီအောင် ဆတက်ထမ်းပိုးကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက စုစုပေါင်း ၄၆၂ ဦးကိုယ်စား သစ်လွင်သူနာပြုနှစ်ဦးကို နိုင်ငံဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။

ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်းအတည်ပြုသည့် စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုကမိမိတို့အပေါ်ယုံကြည်အပ်နှံလိုက်သော တာဝန်ကိုကိုယ်စားပြသည့် အမှတ်အသားတစ်ခုလည်းဖြစ်သည်။ အဆိုပါယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အရှိန်၊ အင်အားနှင့် စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံးအသုံးချရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားကြီး တစ်ခုလုံး ပြည့်စုံကောင်းမွန်ရန်အတွက် ကျွမ်းကျင်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝနေရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးတွင် ပြည်သူလူထုအားလုံးလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန်အတွက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိဆိုသည့်မူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

တစ်ကိုယ်တော်ပန်းချီပြပွဲ ပြုလုပ်မည်

မန္တလေး နိဝင်ဘာ ၅

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ၇၄ လမ်း တံခွန်တိုင်အိုင်း အနီး ဂါဒင်းစီးတီးအိမ်ယာ၊ သိရိပစ္စယာအနုပညာပြခန်းတွင် နိဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီတွင် ပန်းချီဆရာမျိုးဆက်ပိုင်၏ Rooted Rotten အမည်ဖြင့် တတိယအကြိမ်မြောက်တစ်ကိုယ်တော်ပန်းချီပြပွဲကို ဖွင့်လှစ်ပြသမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲတွင် ရှေးရိုးရာများကို အနုပညာဖြင့် ပုံဖော်သော စီးရီးသုံးမျိုးကို ရေဆေးအခရိုင်းလစ်မိဒီယမ်များဖြင့် တင်ဆက်သွားမည်ဖြစ်ပြီး အိုးဘိုသူ၊ လောကနတ်၊ ပန်ထွာဘုရင်မစသည့် စီးရီးသုံးမျိုးစစ်ကိုင်းလှုပ်ပျိုဖြူများနှင့် ရေအိုးကလေးများကို မြတ်နိုးဖွယ်ရာတွေ့မြင်ခံစားရမည်ဖြစ်၍ ပန်းချီမြတ်နိုးသူများလာရောက် လေ့လာကြည့်ရှုနိုင်ပြီး ပြပွဲကာလမှာ နိဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။

(ကျော်မင်းသော်)

o-o-o-o-o

o-o-o

အင်္ဂလိပ်စာစွမ်းရည်နှင့် သချိုင်္ဂဏန်းရည်ပြိုင်ပွဲ ကျင်းပ

တံတားဦး နိဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်တံတားဦးမြို့နယ်၌ Grade-5 မှ Grade -9 အထိ ကျောင်းသား၊ ကျောင်းသူများ (မြို့နယ်အဆင့်)အင်္ဂလိပ်စာစွမ်းရည်နှင့် သချိုင်္ဂဏန်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပကြောင်း သိရသည်။

တံတားဦးမြို့နယ်အနေဖြင့် Grade-5 မှ Grade -9 အထိ ကျောင်းသား၊ ကျောင်းသူများ (မြို့နယ်အဆင့်) အင်္ဂလိပ်စာစွမ်းရည်နှင့် သချိုင်္ဂဏန်းရည်ပြိုင်ပွဲတွင် စာရင်းရှိ ကျောင်းသား(၁၁၂)ဦး၊ ကျောင်းသူ(၁၁၄)ဦး စုစုပေါင်း (၂၂၅)ဦးရှိပြီး လာရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၂၀၅)ဦးရှိကြောင်း Grade -5 မှ Grade -9 အထိ ကျောင်းသား၊ ကျောင်းသူများ ((မြို့နယ်အဆင့်) အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား(၄၄)ဦး၊ ကျောင်းသူ(၄၇)ဦး၊ စုစုပေါင်း(၉၀)ဦး၊ သချိုင်္ဂဏန်းရည်ပြိုင်ပွဲတွင် ကျောင်းသား(၄၈)ဦး၊ ကျောင်းသူ(၅၇)ဦး စုစုပေါင်း (၁၀၅)ဦး လာရောက်ဖြေဆိုကြသည်။

ထိုသို့ စွမ်းရည်ပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုမြင့်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး စွမ်းရည်ပြိုင်ပွဲ ကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းမျော်ရွှင်စွာဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

o-o-o-o-o

အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး ပုံးရည်ကြီးထုပ်ပိုးမှုသင်တန်း ဖွင့်လှစ်

ညောင်ဦး နိဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေး ပုံးရည်ကြီးထုပ်ပိုးမှုသင်တန်းကို နိဝင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက အမှတ်(၅)ရပ်၊ ရွှေရစ်မင်း ပုံးရည်ကြီးဖိုတွင် သင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ညောင်ဦးခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းက အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ပုံးရည်ကြီးထုပ်ပိုးမှုသင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ရွှေရစ်မင်း ပုံးရည်ဖိုပိုင်ရှင်မှ ပုံးရည်ကြီးပြုလုပ်ပုံ အဆင့်ဆင့်နှင့် ပုန်းရည်ကြီး ကျိုချက်လုပ်သည့် ပဲဝိစပ်ကုန်းကြမ်းများ ဝယ်ယူသုံးလောင်ထားရှိမှု၊ ပုံးရည်ကြီးလက်တွေ့ကျိုချက်သည့် လုပ်ငန်းများကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။ **(၄၈၁)**

ကျောက်ဆည်ဆင်ပွဲတော်ပုံရိပ် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်

ကျောက်ဆည် နိဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့မြောရှင်းမန်းခြံ၌ ယနေ့နံနက်ပိုင်းက ဆင်အကအလှပြိုင်ပွဲ ကြီးကြပ်ရေးကော်မတီနှင့် ကျောက်ဆည်ဓာတ်ပုံအသင်းတို့ ကြီးမှူး ကျင်းပသည့် ၂၀၂၆ ခုနှစ် (ပဉ္စမ)အကြိမ်မြောက် **ကျောက်ဆည်ဆင်ပွဲတော်ပုံရိပ်**ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ခြင်း အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ခြင်းကို အထက်မြန်မာပြည်ဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များဖြစ်သည့် ဦးမျိုးသန့်(စိန့်)၊ ဦးစစ်သွေးကျော်၊ ဦးမောင်မောင်ဝင်း၊ ဦးမြင့်သန့်(ကျောက်ဆည်)၊ ဦးအောင်ကျော်တင်(စစ်ကိုင်း)တို့က စိစစ်အကဲဖြတ်အမှတ်ပေးခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု ငါးဆုရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲ၌ ဓာတ်ပုံဆရာ ၄၉ ဦးမှ ဆင်အကအလှပြိုင်ပွဲတွင် ရိုက်ကူးထားသည့် ဓာတ်ပုံပေါင်း ၁၈၂ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ဆင်ပွဲတော်ပုံရိပ်ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ၌ ပထမဆုအား ငွေ ၁၀ သိန်းကျပ်၊ ဒုတိယဆုအား ငွေ ၇ သိန်းကျပ်၊ တတိယဆုအား ငွေ ၅ သိန်းကျပ်နှင့် နှစ်သိမ့်ဆု ငါးဆုအား တစ်ဆုလျှင် ငွေ ၂ သိန်းကျပ်စီနှင့် ဆုပိုင်းများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ကျောက်ဆည်ဓာတ်ပုံအသင်းမှ တာဝန်ရှိသူတစ်ဦးမှ ပြောပြ၍ သိရသည်။

သက်မောင်(ကျောက်ဆည်)

o-o-o-o-o



သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydaily-newspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ မြန်.မျိုးရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက်(၄၃)ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁) (၂) (၃)ပါအချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် နိဝင်ဘာ ၅

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးနဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပု)

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဇွေး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးခင်ဧရီ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးနဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၈ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၈၆ ရာခိုင်နှုန်းရှိသည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက်(၄၃)ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)(၂)(၃) ပါအချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"**နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းရာတွင် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေအရ မြန်မာနိုင်ငံသားပြည်သူများ၏ ငြိမ်းချမ်းသာယာရေးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ရယူရန် လိုအပ်သည့်ကိစ္စဖြစ်သည့် အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက်(၄၃)ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)(၂)(၃) ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"**ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၆ အရ တင်သွင်းရခြင်းဖြစ်ပါကြောင်း။

(၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)၊ အပိုဒ် ၂၀(c) အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ (၂)နှင့်(၃)ပါ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရေးဆိုင်ရာ အချက်များကိုလည်း ကောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်သို့ပေးပို့ထားသည့် ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက်စွဲပါ သဝဏ်လွှာတွင်ဖော်ပြပါရှိသည့် EAOs များနှင့် ညှိနှိုင်းရရှိထားသည့် အချက်(၂၁)ချက်



အပါအဝင် နိုင်ငံရေးပါတီအစုအဖွဲ့နှင့်ညှိနှိုင်းရရှိထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်(၄၃)ချက်ကိုလည်း ကောင်း လေ့လာသုံးသပ်၍ ဥပဒေမူကြမ်းရေးဆွဲကာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်၏ မျက်မှောက်အခြေအနေနှင့် နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံး မျှော်မှန်းတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စု လွှတ်တော်ကြီး၏ အဓိကတာဝန်တစ်ရပ်လည်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများအတွက် လိုက်လျောညီထွေစွာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေမည့် အချက်အလက်များကို ပြင်ဆင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆိုင်ရာ အခန်း(၁၂)ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆ တို့၏ ပြဋ္ဌာန်းချက်များအရ ပြင်ဆင်သည့်အဆင့်မဟုတ်သေးဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေး လေ့လာသုံးသပ် အကောင်အထည်ဖော်နိုင်မည့် ယန္တရားတစ်ရပ် စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်နေသည့်အတွက် အဆိုကိုတင်သွင်းရခြင်း ဖြစ်ပါကြောင်း။

ပြည်သူလူထု၏ သဘောဆန္ဒများနှင့်အညီ ပေါ်ပေါက်ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များအပေါ် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး ၃ ရပ်တို့ကို ဟန်ချက်ညီပိုင်းခြားသုံးစွဲနိုင်ရေးနှင့် နိုင်ငံတော်၏ကဏ္ဍအသီးသီးတို့တွင် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်သည့် အချက်များကို ဖြည့်စွက်ပြင်ဆင် ပြဋ္ဌာန်းပေးနိုင်ရန် အတွက် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက်(၄၃)ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)(၂)(၃) ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"**အား တင်သွင်းအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုတွင် ထည့်သွင်းရှင်းလင်းခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် လေ့လာသုံးသပ်ရေးနှင့် ဥပဒေကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်း ကော်မတီဒုတိယဥက္ကဋ္ဌ(၁) ဈာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နွယ်နွယ်ဦးကလည်းကောင်း၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဈာဝတီတိုင်း ဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးချစ်ဆွေကလည်းကောင်း လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ၊ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ)ဦးတင်ဦး က အစီရင်ခံစာ အပိုဒ် ၈ တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အပေါ် ပြည်သူလူထုက ပိုမိုယုံကြည်အားထားလာစေရန်၊ ပြည်သူလူထုနှင့် လွယ်ကူစွာ ထိတွေ့ဆက်ဆံနိုင်စေရန် ရည်ရွယ်လျက် ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲ(၄)ခုကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ် စသည့် မြို့များတွင် ဖွင့်လှစ်ထားကြောင်း ဖော်ပြထားပါကြောင်း၊ ဖွဲ့စည်းပုံအရ ရည်ရွယ်ချက်များကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ သင့်တော်သည့် မြို့ကြီးများ၌လည်း ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း၊ အစီရင်ခံစာ အပိုဒ် ၁၁ အရ လူ့အခွင့်အရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများပြုလုပ်ရာတွင် ရန်ကုန်မြို့တွင် (၅)ကြိမ်၊ နေပြည်တော်တွင် (၁)ကြိမ်ဖြင့် ပညာပေးဟောပြောနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။ နောင်နှစ်များတွင် အခြားသော မြို့ကြီးများတွင်ပါ စနစ်တကျ ဆွေးနွေးခြင်းဖြင့် ကော်မရှင်အပေါ် ပိုမိုကျယ်ပြန့်စွာသိရှိနားလည်နိုင်မည်ဟု ထင်မြင်မိပါကြောင်း။

အစီရင်ခံစာ အပိုဒ်(၁၈)ပါ လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ သင်တန်းပို့ချပေးခြင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးသင်တန်းများ၊ နေရာအများအပြားရှိ ဝန်ထမ်းများအား လူ့အခွင့်အရေး သင်တန်းများ ပို့ချနိုင်ခဲ့သည့်အတွက် ကောင်းမွန်ပြီး အကျိုးရှိသည်ဟု ထင်မြင်မိပါကြောင်း၊ လူ့အခွင့် အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက် ချက်များအပိုင်းတွင် ကော်မရှင်အစီရင်ခံစာ အပိုဒ် (၄၅) အရ ၂၀၁၅ ခုနှစ်အတွင်း တိုင်တန်းချက်ပေါင်း ၃၄၅၇ စောင် ရရှိခဲ့သည့်အနက် အစီရင်ခံစာ အပိုဒ် (၄၈/က)တွင် ကော်မရှင်လုပ်ပိုင်ခွင့်အတွင်း မကျေ ရောက်သည့် တိုင်တန်းချက် ၁၃၅၉ ခုကို မှတ်တမ်း အဖြစ်သာထားရှိခဲ့ရကြောင်း ဖော်ပြထားသော် လည်း အားလုံးမျှော်လင့်ချက်ဖြင့် တိုင်တန်းလာ သူများ၏ အသိအမြင်နည်းပါးမှုကြောင့် ဖြစ်သည်ဟု ယူဆပါသဖြင့် ရှင်းလင်းဖော်ပြထားပြီး ဖြစ်သင့်သည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်က နိုင်ငံတော်အစိုးရမှ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့နေသည့် အောက်ခြေ အုပ်ချုပ်ရေးအဖွဲ့အစည်းများက အဓိကကျသဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ ဥပဒေအတိုင်း အမြန်ဆုံး ဆောင်ရွက်မှသာ အစိုးရအပေါ် လူထုယုံကြည်မှုပိုမို ရရှိင်ပြီး ပြည်သူလူထုအများစု၏ ပြောင်းလဲလိုမှု ပကတိဆန္ဒအမှန်ဖြစ်သည့် အစိုးရရုံးဌာန ဝန်ထမ်း အချို့တို့သည် လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် ကြန့်ကြာသည့်စနစ်ကို ကျင့်သုံးနေဆဲဖြစ်သည်ကို အမြန်ဆုံး ပြုပြင်ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အဖြစ် ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်က ရန်ကုန်တိုင်းဒေသကြီးမှ တိုင်ကြားချက် ၁၈၉ မှု၊ ၅၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၄၄ မှု၊ ဈာဝတီတိုင်း ဒေသကြီးတွင် ၃၁ မှုရှိပါကြောင်း၊ အခြားတစ်ဖက်တွင် လည်း ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့မှ တိုင်ကြားချက်လက်ခံရရှိမှုကို စာရင်း တွင် ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းအခြေအနေသည် အဆိုပါ ဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုမရှိသည်ဟု အဓိပ္ပာယ် မကောက်ယူသင့်ပါကြောင်း၊ ပြည်သူများအနေဖြင့် ကော်မရှင်ထံတိုင်ကြားနိုင်သည့် နည်းလမ်း၊ သတင်း အချက်အလက်ရရှိမှုနှင့် လက်လှမ်းမီမှုအားနည်းနေ သည်ကို ကော်မရှင်အနေဖြင့် ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုဆိုသည်မှာ ကော်မရှင်တစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ပိုမိုထိရောက်ရန် အတွက် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပိုမိုကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း။ လွတ်တော် အနေဖြင့်လည်း ကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများတွင် လိုအပ်ချက်များရှိနေပါက ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် အမျိုးသားလွတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) နေ၁ယုဇေ၀ါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူ(၄၈)ချက်တွင် ပုဒ်မ ၂၁၊ ၂၂၊ ၂၄၊ ၂၅၊ ၂၅၊ ၂၆၊ ၃၂၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၈၊ ၄၉ များဖြင့် နိုင်ငံသားများ၏ မူလအခြေခံမူ လူ့အခွင့်အရေးကို အပြည့်အဝပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ပုဒ်မ ၄၄ အရ လူဂုဏ်သိက္ခာ ညှဉ်းနှိပ်သေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိစေရဆိုသည့်အချက်သည် နိုင်ငံသားတိုင်းအပေါ် သက်ညှာပြီး လူ့အခွင့်အရေးနှင့် လူဂုဏ်သိက္ခာကို အခိုင်အမာ အာမခံပေးထားပါကြောင်း၊ သို့ပါ၍ တရားရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များတွင်လည်း အတိအကျလိုက်နာကျင့်သုံးရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် အခန်း(၈) ခန်းပါရှိပြီး အခန်း(၃) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များမှ အမှတ်စဉ်(၅၁)ဖယားပါ တိုင်တန်းချက်များ အမှုပေါင်း ၃၄၇ မှုကို ပြည်ထောင်စုလွတ်တော်ကိုယ်စားလှယ်များအား soft file များ ဖြန့်ဝေပေးစေလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှုများ ဆယ်စုနှစ်များစွာ ဖြစ်ပွားနေဆဲဖြစ်သဖြင့် တရားဥပဒေစိုးမိုးမှုမရှိသောနေရာများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အနည်းနှင့်အများ ရှိနိုင်ပါကြောင်း၊ ထို့သို့ဖြစ်ပွားရာဒေသများမှ နိုင်ငံသားများကို တရားဝင်ရွေးကောက်ပွဲမှ ပြည်သူမဲဖြင့် ပေါ်ပေါက်လာသော ပြည်ထောင်စုလွှတ်တော်မှ အကာအကွယ်ပေးရန် လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာတွင် ပဋိပက္ခဒေသအတွင်း နှစ်အလိုက် သေဆုံးမှုစာရင်း၊ နေရပ်စွန့်ခွာရွှေ့ပြောင်းသွားရသော လူဦးရေစာရင်း၊ မသန်စွမ်းဖြစ်သွားသည့် လူဦးရေစာရင်း စသည့်အရေးအတွက် ကိန်းဂဏန်းများကို မှတ်တမ်းတင်ထည့်သွင်းအစီရင်ခံရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အကျဉ်းသားများစာရင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သော စာရင်းများကိုလည်း ထည့်သွင်းအစီရင်ခံသင့်သည်ဟု တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဥာဏ်ဝင်းထိုက် က ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုထိရောက်စေရန်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့်တင်ရန်၊ ပြည်သူများ၏ နှစ်နာဆုံးရှုံးမှုများကို ပြန်လည်ကုစားပေးနိုင်ရေး အတွက် လက်တွေ့အကောင်အထည်ဖော်နိုင်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း၊ ယင်းအချက်သည် အစီရင်ခံစာ၏ လက်တွေ့ရလဒ်ကို တိုင်းတာနိုင်သည့် အရေးကြီးသောအချက်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၏ အောင်မြင်မှုကို ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအရေအတွက်ဖြင့် မတိုင်းတာဘဲ ပြည်သူများ၏ နှစ်နာဆုံးရှုံးမှုများကို မည်မျှအထိ ပြန်လည်ကုစားပေးနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများက မည်မျှအထိ တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်း စသည့် လက်တွေ့ရလဒ်ဖြင့် တိုင်းတာသင့်ပါကြောင်း။

ကော်မရှင်၏ အစီရင်ခံစာများတွင် လုပ်ငန်းဆောင်ရွက်မှုအရေအတွက်များကို ဖော်ပြရုံသာမက တိုင်ကြားချက်များ၏ ဖြေရှင်းပြီးစီးမှုအခြေအနေ၊ သက်ဆိုင်ရာဌာနများ၏ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြည်သူများအပေါ် အမှန်တကယ် အကျိုးသက်ရောက်မှုများကိုပါ ပိုမိုပြည့်စုံစွာ ဖော်ပြသင့်ပါကြောင်း၊ ကော်မရှင်သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး အကြံပြုချက်ပေးပို့သည့် အဖွဲ့အစည်းအဆင့်တွင်သာ ရပ်တန့်မနေဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ နှစ်နာဆုံးရှုံးမှုများကို လက်တွေ့ပြန်လည် ကုစားပေးနိုင်သည့် ပိုမိုအားကောင်းသောစနစ်တစ်ခု ဖြစ်လာစေရေးအတွက် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ခေါ်အေးအေးမြင့်က အစီရင်ခံစာ၏ စာမျက်နှာ ၃၂၊ အပိုဒ် ၃၇၊ ၃၈ တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်အကြောင်း အများပြည်သူများ အလွယ်တကူသိရှိနိုင်စေရန် ကော်မရှင် အသိပညာပေးစာအုပ် ၇၀၀၀ နှင့် လက်ကမ်းစာစောင် ၃၃၀၀ တို့ကို ဖြန့်ချိခဲ့သည်ဟု ဖော်ပြထားချက်အရ မြန်မာနိုင်ငံရှိ လူဦးရေနှင့် နှိုင်းယှဉ်ပါက အသိပညာပေးနိုင်မှု ထိရောက်မှုမရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံရှိ ပြည်သူအများစုက လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ပေးနေမှုများနှင့် ဆောင်ရွက်ပေးနိုင်မှုများကို သိရှိနိုင်မှု အားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်သည့်ကိစ္စရပ်များကို မသိရှိသူများ များပြားလာသည့်အတွက် အကြမ်းဖက်မှု၊ အနိုင်ကျင့်မှု၊ စွန့်ပစ်မှု၊ ဂုဏ်သိက္ခာ ညှဉ်းနှိမ်အောင် ပြုမူဆောင်ရွက်မှုများ တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

စာမျက်နှာ ၃၂၊ အပိုဒ် ၄၀ တွင် ဘာသာရပ်ဆန်းစစ်ခြင်းနှင့် အသစ်ရေးဆွဲခြင်းတွင် အချက် ၁၈ ချက်ပါဝင်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး၊ လူ့အခွင့်အရေးသဘောတရားနှင့် လူသားများ၏ တာဝန်ရှိမှု၊ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများ၊ လူငယ်များအတွက် လူ့အခွင့်အရေး အရေးပါပုံ စသည့် အချက်များကို ထည့်သွင်းရေးဆွဲထားသော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်မှု အားနည်းနေသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်မှုသည် အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ အစည်းအဝေးများကျင်းပခြင်း၊ စစ်ဆေးမှုများ ပြုလုပ်နိုင်ခြင်းတို့ဖြင့် ချိုးဖောက်ခံရသူများ၏ နှစ်နာမှုများကို မည်မျှကုစားပေးနိုင်ခဲ့သည်၊ ချိုးဖောက်မှုများ မည်မျှလျော့ပါးသွားခဲ့သည်၊ ပြည်သူတို့၏ ဂုဏ်သိက္ခာကာကွယ်ရေးကို မည်မျှထိရောက်စွာ ကာကွယ်ပေးနိုင်ခဲ့သည်ဆိုသည့် အကြံပြုချက်များကို လက်တွေ့ဆောင်ရွက်နိုင်သည့် စနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့ကို အလေးထား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွတ်တော်ကိုယ်စားလှယ်အမှတ် (၁၂) ဦးလွမ်းမိုးနိုင်၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးဝဏ္ဏစိုး၊ ပုဗ္ဗသီရိမဲဆန္ဒနယ် ဦးလှဆွေ၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးယုနိုင်၊ ကော့ကရိုတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေး၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဦးကျော်တင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း အစီအစဉ်တို့ကို ဆက်လက်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးနံဝမနေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ကြည့်ရှုလေ့လာစဉ်။

❍ တပ်မတော်မှ

ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံး တပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအား ဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှန့်များ ပေးဝေကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည် ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

■ ကမ္ဘာပေါ်မှ

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆောင်းရာသီတွင် ရေဝပ်ဒေသများနှင့် ဘေးမဲ့တောများရှိရာသို့ ဆောင်းခိုင်ဂန်များ ဝင်ရောက်ကျက်စားမှုအခြေအနေ ပြောင်းလဲနိုင်မှုကို စောင့်ကြည့်နေကြပြီး ယခုအခါ မိုးယွန်းကြီးအင်းနှင့် ဆက်စပ်ရေဝပ်ဇရိယာများသို့ ဆောင်းခိုင်ဂန်များ စတင်ဝင်ရောက်လာခြင်း ဖြစ်သည်။

"မိုးယွန်းကြီးအင်းမှာ ဆောင်းခိုင်ဂန်အချို့ စတင်ဝင်ရောက်နေတာ ရှိပါတယ်။ ဆောင်းခိုင်ဂန် ဘဲပြာကလေးဆိုရင် မနှစ်ကထက်စောပြီး ဝင်လာတာတွေ့ရတယ်။ ဒါကထူးခြားမှုပါ။ ဒီနှစ်ကာ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆောင်းခိုင်ဂန် ဝင်ရောက်မှုအခြေအနေကို စောင့်ကြည့်ရှုဦးမှာပါ"ဟု ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဆောင်းဦးရာသီတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ခရုစုတ်ခေါင်းမည်း၊ ငှက်ကြီးဝန်းပို၊ ဂျေ့တွေ့၊ မြစ်တွေး၊ ငှက်ကျား၊ ဥပန်း၊ စာဘုန်းကြီး၊ ကြိုးကြာ၊ လင်းယုန်၊ ချည်ခင်စွပ်၊ ဘဲနီစပ်နှင့် နွှတ်သီး ဂေါက်ကြီး စသည့် ဆောင်းခိုင်ဂန်မျိုးစိတ်များ ဝင်ရောက်ကျက်စားမှု ရှိပြီး ပြီးခဲ့သည့်ဆောင်းရာသီတွင် မိုးယွန်းကြီးအင်းသို့ ဆောင်းခိုင်ဂန် ပေါင်း ၃၀၀၀၀ ကျော် ကျက်စားခဲ့သည်။

မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အပါအဝင် လန်ဝိအဏ္ဍဝါအမျိုးသားဥယျာဉ်၊ အင်းလေးကန်၊ အင်းတော်ကြီးကန်၊ မိန်းမလှကျွန်း၊ စလင်းဝကသည်းကန် စသည့်ဘေးမဲ့တောများသို့ နှစ်စဉ်ဆောင်းခိုဂန်များနှင့် ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ရေပျော်ဂန်များ ဝင်ရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။

ညီမိန်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး



ဆောင်းခိုဂန် ခရုစုတ် ခေါင်းမည်းကို တွေ့ရစဉ်။

လွတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် "နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ" လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြ

နေပြည်တော် နိုဝင်ဘာ ၅

လွတ်တော်များ ဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေး အတွက် "နိုင်ငံတော်၏လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဆိုင်ရာ ဆောင်ရွက်ချက်များ"အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုလွတ်တော် နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွတ်တော် ဒုတိယ နာယက Jeng Phang နေဝ်တောင်၊ ပြည်သူ့ လွတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ပြည်သူ့လွတ်တော်နှင့် အမျိုးသား လွတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုလွတ်တော်နာယက ဦးအောင်လင်းဌေးက ယနေ့ကျင်းပသည့် အစီအစဉ် သည် လွတ်တော်များ ဖွဲ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)၏ အစီ အစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ် ညှိနှိုင်းကာ နိုင်ငံတော်၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဆောင်ရွက်ချက်များကို လွတ်တော်ကိုယ်စားလှယ် များ သိရှိနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက လျှပ်စစ်နှင့်စွမ်းအင် ကဏ္ဍ၏ လက်ရှိအခြေအနေ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တိုက်ရိုက်ရှင်းလင်းတင်ပြပြီး အပြန်အလှန် မေးမြန်းဆွေးနွေးသွားမည် ဖြစ်သည့် အတွက် အကျိုးရှိသော အစီအစဉ်တစ်ရပ် ဖြစ်ပါ ကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝနှင့် စိုက်ပျိုးရေး၊ စက်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများအတွက် မရှိမဖြစ် အဓိက မောင်းနှင်အား ဖြစ်ပါကြောင်း၊ ထို့ကြောင့် လျှပ်စစ် ဓာတ်အား လုံလောက်စွာနှင့် ယုံကြည်စိတ်ချစွာ ရရှိရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုက်ရိုက်ဆက်စပ်လျက်ရှိပါ ကြောင်း။

ထိုပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် ယနေ့ခေတ် ကမ္ဘာ့ရေးရာများတွင် အရေးပါသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး ဦးမော့လာစေရန် အတွက်လည်း မရှိမဖြစ် သွင်းအားစုတစ်ခုဖြစ်ပါ ကြောင်း၊ သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို လိုအပ်ပါက လွတ်တော်လုပ်ငန်းစဉ်များနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားကြရန် ဖိတ်ခေါ်လိုပါ ကြောင်း။

လွတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေ ပြုရေး၊ စောင့်ကြည့်ထိန်းကျောင်းရေးနှင့် ပြည်သူ့ ကိုယ်စားပြုရေးတာဝန်များကို ထမ်းဆောင်ရာတွင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု အချက်အလက်မှန် များကို မိမိတို့ဒေသ လိုအပ်ချက်နှင့် ဆက်စပ်သုံးသပ် မှသာ လက်တွေ့ကျသော အကြံပြုချက်များကို ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လည်း လုပ်ငန်းဆောင်ရွက်မှုများအပြင် အခက်အခဲ နှင့် ကန့်သတ်ချက်များကိုပါ ပွင့်လင်းစွာ ထည့်သွင်း ရှင်းလင်းပေးရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့အစီအစဉ်အရ ရှင်းလင်းတင်ပြမှုအပြီး တွင် မေးမြန်းဆွေးနွေးသည့် အစီအစဉ်ပါရှိသဖြင့် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့သိရှိလိုသည် များကို တိတိကျကျ မေးမြန်းဆွေးနွေးကြရန်နှင့် ဒေသတွင်း လက်တွေ့လိုအပ်ချက်များကို အကျိုးရှိရှိ တင်ပြပေးကြစေလိုပါကြောင်း။

ယခုကဲ့သို့ အသိပညာဖလှယ်ပွဲ (Knowledge Sharing) အစီအစဉ်များမှတစ်ဆင့် ရရှိသည့် ဗဟုသုတများကို မိမိတို့၏လွတ်တော်လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိစွာ ပြန်လည်အသုံးချကာ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားကြရန် တိုက်တွန်း လိုပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် က လျှပ်စစ်ကဏ္ဍ နှင့် ဆက်စပ်လျက်ရှိသည့် စွမ်းအင်ကဏ္ဍ အခြေအနေ၊ လျှပ်စစ်စီမံကိန်းများ စတင်ရန် ကြိုးပမ်းဆောင်ရွက် နေမှု၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားကဏ္ဍ အခြေ အနေနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ပြည်သူ များ လျှပ်စစ်ဓာတ်အားတိုးမြှင့် သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ Myanmar National Grid Code နှင့် Distribution Code များထွက်ပေါ်လာရေး ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားတိုးမြှင့် ထုတ်လုပ် နိုင်ရန်အတွက် အရေးပါသည့် စွမ်းအင်ကုန်သွယ်ရေး အခြေအနေနှင့် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် လွတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးမေးမြန်းမှုများ၊ အကြံပြုချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ကြောင်းသိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ရုံး၏ Chief of Mission Mr.Daihei Mochizuki အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေး အဖွဲ့ (International Organization for Migration-IOM) ရုံး၏ Chief of Mission Mr.Daihei Mochizuki နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံအစိုးရများနည်းတူ ရွှေ့ပြောင်းအလုပ်သမားကိစ္စရပ်များတွင် IOM နှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ IOM နှင့် ဝန်ကြီးဌာနအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များ ထားရှိ၍ ဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ၏ ရုပိုင်ခွင့်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကြိုးပမ်းဆောင်ရွက်နေမှု၊ မြန်မာအစိုးရအနေဖြင့် ထိုင်းနိုင်ငံတွင် တရားမဝင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Idenity-CI) ထုတ်ပေး၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာန အနေဖြင့် စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် အလုပ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား၍ ဦးစားပေး ဆောင်ရွက်နေမှု၊ ပြည်ပရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများကို ဘေးကင်းလုံခြုံပြီး ပုံမှန်စနစ်တကျရှိသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေး၊ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ နေရပ်ပြန်မြန်မာလုပ်သားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ပေးအပ်ခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှုကို ကာကွယ်တားဆီးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ IOM မြန်မာရုံးမှ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စက်မှုလုပ်ငန်းသုံး ပါဝါမီတာများနှင့် အိမ်သုံးမီတာများ တရားမဝင်တပ်အားသုံးစွဲမှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၌ တပ်ဆင် အသုံးပြုနေသော စက်မှုလုပ်ငန်းသုံး ပါဝါမီတာများနှင့် အိမ်သုံးမီတာများ တရားမဝင်ဓာတ်အား သုံးစွဲမှုမရှိစေရေး ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာနှင့် ဒုတိယခရိုင်လျှပ်စစ်မန်နေဂျာတို့ ဦးဆောင်၍ ဝမ်းတွင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့ နယ်လျှပ်စစ်မန်နေဂျာ၊ ဒုတိယ လျှပ်စစ်မန်နေဂျာ၊ မီတာဖတ် စာရေးများနှင့် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများက မြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော စက်မှု လုပ်ငန်းသုံးပါဝါမီတာများနှင့် အိမ်သုံးမီတာများအား လျှပ်စစ်ဓာတ် အားသုံးစွဲသူများက မသမာသော နည်းလမ်းအသုံးပြု၍ တရားမဝင် သုံးစွဲမှု ရှိ/ မရှိ စစ်ဆေးခြင်း၊ မီတာ ဆီးလ်များ ပြည့်စုံမှုရှိ/မရှိ စစ်ဆေး ခြင်းနှင့် ဓာတ်အားခပေးဆောင် ခြင်း ရှိ/ မရှိ ကွင်းဆင်း ဆောင် ရွက်ခဲ့ကြကြောင်း သိရသည်။

(၄၆၉)

o-o-o-o-o

o-o-o

လက်ကောင်း အ.ထ.က(ခွဲ)ကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ် ရေးရာ အသိပညာပေးဟောပြော ပွဲကို ယနေ့နံနက် ၁၀ နာရီက လက်ကောင်းကျေးရွာရှိ အ.ထ.က (ခွဲ)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အ.ထ.က (ခွဲ)ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေစင်ဦးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက လူငယ်နှင့်စည်းကမ်း၊ အပူဒဏ် ကာကွယ်ရေးဆောင်ရန်၊ ရှောင် ရှားရန်တို့ကိုလည်းကောင်း၊ သစ်တော ဦးစီးဌာနမှ တောအုပ် ဦးအောင်ထွန်းနိုင်က အယ်လ်နီညိုရာသီ ဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်အကြောင်းအရာ များကိုလည်းကောင်း အသိပညာ ပေးဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ပြသ ထားသော အသိပညာပေး နံရံကပ် စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင် စားစွာ လေ့လာကြည့်ရှုခဲ့ကြ ကြောင်း သိရသည်။ **ရွှေရန်ကင်း**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာ၊ လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၅

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နိုင်ငံရေးဌာနအကြီးအကဲ Major General Phanseng Bounphan နှင့်တာဝန်ရှိသူများက ဂုဏ်ပြုတဝပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ခန်းမတွင် နိုင်ငံရေးဌာနအကြီးအကဲက သမိုင်းကြောင်းဆိုင်ရာများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်တန်းသားများအား လေ့ကျင့်သင်ကြားရေးဆိုင်ရာများ ပညာရေးဆိုင်ရာတိုးတက်ပြောင်းလဲမှုများ၊ အာဆီယံနိုင်ငံအချို့နှင့် လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး မြန်မာ-လာအို နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ စစ်ဘက်ဆိုင်ရာ သင်တန်းကျောင်းများအကြား သင်ကြားရေးပညာရပ်များ၊ အတွေ့အကြုံများနှင့် နည်းပညာများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ။ စစ်ဘက်ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာအတွေ့အကြုံများ အပြန်အလှန်ဖလှယ်ရေး၊ အရာရှိများ၏ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ မြှင့်တင်ရေး၊ သုတေသနနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် နှစ်နိုင်ငံအကြား စစ်ဘက်ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ အပါအဝင် အခြားကိစ္စရပ်များကို အဖြေရှင်းဖလှယ်ဆွေးနွေးခဲ့ကြကာ အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား လွန်ပရာဘန်ပြည်နယ် စစ်ဌာနချုပ်မှူး Brigadier General Thongla Xayavongsack နှင့်ဓနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်ကျောင်းသမိုင်းပြတိုက်ရှိ တက္ကသိုလ်၏ သမိုင်းကြောင်း၊ တည်ထောင်ခဲ့သည့် နောက်ခံအကြောင်းအရာများနှင့် ဖွံ့ဖြိုးတိုးတက်လာမှု အဆင့်ဆင့်ကို မှတ်တမ်းတင်ပြသထားသည့် ဓာတ်ပုံများ၊ သမိုင်းဝင်မှတ်တမ်းများနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာစာအုပ်စာတမ်းများ စုဆောင်းထိန်းသိမ်းထားရှိမှုနှင့် သင်ကြားသင်ယူရေးလုပ်ငန်းများတွင် အသုံးချဆောင်ရွက်နေမှုများကိုလည်းကောင်း လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာကြရာ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဓနီး၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးဌာနအကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဆက်လက်၍ လွန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဆိုက်ရောက်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား လွန်ပရာဘန်ပြည်နယ် စစ်ဌာနချုပ်မှူး Brigadier General Thongla Xayavongsack နှင့်ဓနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ (၂၅) နှစ်မြောက် ငွေရတု တက္ကသိုလ်နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

မန္တလေး နိုဝင်ဘာ ၅

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) (၂၅)နှစ်မြောက် တက္ကသိုလ် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အုန်းချောဂေဟာ-ရွှေစာရံလမ်းရှိ အဆိုပါ တက္ကသိုလ်၌ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အနုပညာဦးစီးဌာန ဥက္ကဋ္ဌကြားရေးမှူးချုပ်၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ကုံကော်လေးထပ် စာသင်ဆောင်ရှေ့၌ (၂၅)နှစ်မြောက် တက္ကသိုလ်ငွေရတုအထိမ်းအမှတ် ရုပ်တုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သတ်မှတ်နေရာ၌ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးကာ အဓိပတိလမ်း တစ်လျှောက်တွင် အနုပညာဌာနအလိုက် ပြသထားသည့် တက္ကသိုလ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်က (၂၅) နှစ်မြောက် တက္ကသိုလ်ငွေရတု အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ (၂၅) နှစ်တာ ခရီးဗီဒီယိုကို ပြသသည်။

ဆက်လက်၍ တာဝန်ရှိသူများက တက္ကသိုလ်စတင်ဖွင့်လှစ်စဉ်မှ ယနေ့အချိန်ထိ စဉ်ဆက်မပြတ် တာဝန် ထမ်းဆောင်လျက်ရှိသူများ၊ ထူးချွန်ဆုရရှိသူများနှင့် တက္ကသိုလ်ငွေရတုအထိမ်းအမှတ် မဂ္ဂဇင်းစာမူရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက တက္ကသိုလ် ငွေရတုအထိမ်းအမှတ် သီချင်း၊ "တက္ကသိလ် ရွှေစာရံ" အကတို့ဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့အောင်မြေသာစံမြို့နယ် နန်းရှေ့ရှိ အနုပညာဦးစီးဌာန အတွင်း အနုပညာအထက်တန်းကျောင်း (မန္တလေး)မှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ရှိ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အမျိုးသားဇာတ်ရုံ၊ ပန်တျာသင်ကြားဆောင်၊ ပန်းချီ၊ ပန်းပုသင်ကြားဆောင်နှင့် ကျောင်းသား အိပ်ဆောင်များ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ နှစ်ပေါင်း (၁၀၀)နှင့်အထက် သက်တမ်းရှိသည့် မန္တလေးဌာနခွဲရုံးနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နန်းမြို့ရိုးတောင်ဘက် နန်းမြို့ရိုး ပုံကျပျက်စီးမှုနှင့် ကျွန်းလုံးယူပြာသာဒ်၊ နန်းမြို့ရိုးပတ်လည် ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်များပါ ကာကွယ်နိုင်ရန် ထည့်သွင်းစဉ်းစားတွက်ချက်၍ လိုက်နာဆောင်ရွက်ရမည့် SOP အတိုင်း အရည်အသွေး ပြည့်မီအောင် ပြုပြင်သွားရန်၊ နန်းမြို့ရိုး ရေရှည် တည်တံ့အောင် ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ငါန်းဖွန် နိုဝင်ဘာ ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဖွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်နံနက်ပိုင်းက ရွာသစ်ကျေးရွာသို့ အယ်လ်နီညိုအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ငါန်းဖွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဦးလှဝင်းကျော်နှင့်ဝန်ထမ်းများ၊ ကျေးရွာ ရပ်မိ၊ ရပ်ဖများ ပူးပေါင်းအဖွဲ့များက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး အပူလွန်ကဲခြင်း၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့် အချက်များကို အသိပညာပေး ပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း ငါန်းဖွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

အောင်ရဲကျော်(ကျေးလက်)

၀–၀–၀–၀–၀

၀–၀–၀–၀

လွတ်တော်အသီးသီးတွင် လွတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၈ / ၂၀၂၆)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

လွတ်တော်အသီးသီးတွင် လွတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ သက်ဆိုင်ရာလွတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၈၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်)တနင်္ဂနွေနေ့တွင် လွတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်နေသည့် အောက်ပါမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည် -

ပြည်သူ့လွှတ်တော်မဲအများဆုံးရလူအနိုင်ယူစနစ်(FPTP)
မဲဆန္ဒနယ် ၃၄ နယ်

(၁) တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၄) ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၀) မြိတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၁) ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၂) ပေါက်ခေါင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၃) ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၄) ချောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၅) မင်းဘူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၆) ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၇) မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၈) နွားထိုးကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၉) စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၀) မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၁) ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၂) မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၃) ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၄) လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၅) တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၆) ကိုကိုးကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၇) လွိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၈) ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၉) မိုင်းဖြတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၀) မိုင်းပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၁) မအူပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၂) ဓမ္မသိရိမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၃) ဒက္ခိဏသိရိမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၄) ဥတ္တရသိရိမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

အမျိုးသားလွှတ်တော်မဲအများဆုံးရလူအနိုင်ယူစနစ်(FPTP)
မဲဆန္ဒနယ် ၅ နယ်

(၁) ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)
(၂) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(၃) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)
(၄) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)
(၅) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၁၆ နယ်

(၁) တွန်းဇံမြို့နယ် မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ် မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်
(၄) ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ် မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ် မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ် မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ် မဲဆန္ဒနယ်
(၁၀) ရွှေဘိုမြို့နယ် မဲဆန္ဒနယ်
(၁၁) ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်
(၁၂) သဲကုန်းမြို့နယ် မဲဆန္ဒနယ်
(၁၃) နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်
(၁၄) စဉ့်ကူးမြို့နယ် မဲဆန္ဒနယ်
(၁၅) မိုးကုတ်မြို့နယ် မဲဆန္ဒနယ်
(၁၆) ရေကြည်မြို့နယ် မဲဆန္ဒနယ်

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လွှတ်တော်မဲဆန္ဒနယ်များအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် ရက်စွဲပါ ကြေညာချက်အမှတ်(၆၈ / ၂၀၂၆)ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းမဲဆန္ဒနယ်မြေ သတ်မှတ်ထုတ်ပြန်ချက်များနှင့် လွှတ်တော်အလိုက် မဲဆန္ဒနယ်များတွင် ကျင်းပမည့် နယ်မြေများစာရင်းအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်	ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
	ချင်းပြည်နယ်	
၁	တွန်းဇံမြို့နယ် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်အတွင်းရှိ ၁။ ခေါဝုန်/လေးဆန်ရပ်ကွက်(တွန်းဇံမြို့)၊ ၂။ ခေါလိုင်/ဂိုးဇန်ရပ်ကွက်(တွန်းဇံမြို့)။
၂	ဖလမ်းမြို့နယ် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ဇလိုင်ရပ်ကွက်(ဖလမ်းမြို့)၊ ၃။ဖာရ်ထောက်ရပ်ကွက် (ဖလမ်းမြို့)၊ ၄။တလန်လိုရပ်ကွက်(ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက်(ဖလမ်းမြို့)၊ ၆။လိုင်လွန်ရပ်ကွက်(ဖလမ်းမြို့)၊ ၇။ လုံဝီးရပ်ကွက်(ဖလမ်းမြို့) ၊ ၈။ ဇာလိုင်ရပ်ကွက်(ဖလမ်းမြို့)။
	စစ်ကိုင်းတိုင်းဒေသကြီး	
၄	ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်	ထီးချိုင့်မြို့နယ်အတွင်းရှိ ၁။ စံပြရပ်ကွက်၊ ၂။ အောင်ဇေယျာရပ်ကွက်၊ ၃။ ဝိသာခါရပ်ကွက်၊ ၄။ ဘုရင့်နောင်ရပ်ကွက်၊ ၅။ မြတောင်ကျေးရွာအုပ်စု၊ ၆။ မောင်းကုန်းကျေးရွာအုပ်စု။
၅	ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်	ဗန်းမောက်မြို့နယ်အတွင်းရှိ ၁။ မြနန္ဒာရပ်ကွက်၊ ၂။ မြို့မရပ်ကွက်၊ ၃။ လွှစင်ကုန်းရပ်ကွက်၊ ၄။ အောင်သာကုန်းရပ်ကွက်၊ ၅။ မြစ်သေးချင်းကျွဲကောကုန်းကျေးရွာအုပ်စု၊ ၆။ လယ်နက်ကြီးကျေးရွာအုပ်စု၊ ၇။ စက်တောကျေးရွာအုပ်စု၊ ၈။ ကံရွာကျေးရွာအုပ်စု၊ ၉။ ပင်ဟင်းခါးကျေးရွာအုပ်စု၊ ၁၀။ လေးသီကျေးရွာအုပ်စု၊ ၁၁။ ပင်ပုံကျေးရွာအုပ်စု၊ ၁၂။ မံလောင်ပေပင်ကျေးရွာအုပ်စု၊ ၁၃။ မံလူကျေးရွာအုပ်စု၊ ၁၄။ မံစီကြီးကျေးရွာအုပ်စု၊ ၁၅။နောင်ပတ်ကျေးရွာအုပ်စု၊ ၁၆။ နန့်မားကျေးရွာအုပ်စု၊ ၁၇။ မဲအင်ကျေးရွာအုပ်စု၊ ၁၈။ နားနန့်ထွန်ကျေးရွာအုပ်စု။
၆	အင်းတော်မြို့နယ် မဲဆန္ဒနယ်	အင်းတော်မြို့နယ်အတွင်းရှိ ၁။အောင်မင်္ဂလာရပ်ကွက်(အင်းတော်မြို့)၊ ၂။ အောင်ချမ်းသာရပ်ကွက်(အင်းတော်မြို့)၊ ၃။ အောင်ဇေယျရပ်ကွက်(အင်းတော်မြို့)၊ ၄။ အောင်မေတ္တာရပ်ကွက်(အင်းတော်မြို့)၊ ၅။ နန့်ခင်ကျေးရွာအုပ်စု၊ ၆။ လယ်ပြင်ကျေးရွာအုပ်စု။
၇	ကောလင်းမြို့နယ် မဲဆန္ဒနယ်	ကောလင်းမြို့နယ်အတွင်းရှိ ၁။ မြောက်အင်းရပ်ကွက်၊ ၂။ ကျောဇေယျာ(၁)ရပ်ကွက်၊ ၃။ ဈေးရုံဗိုလ်တဲရပ်ကွက်၊ ၄။မြို့မ မြို့ကုန်းရပ်ကွက်၊ ၅။ ပြင်ဦးလွင်ရပ်ကွက်၊ ၆။စက်ရုံလယ်ပြင်ရပ်ကွက်၊ ၇။ ကျောဇေယျာ(၂)ရပ်ကွက်၊ ၈။ မင်းတဲကြီးရပ်ကွက်။
၈	ပုလဲမြို့နယ် မဲဆန္ဒနယ်	ပုလဲမြို့နယ်အတွင်းရှိ ၁။မြောက်ပိုင်းရပ်ကွက်၊ ၂။တောင်ပိုင်းရပ်ကွက်။
၉	ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်	ယင်းမာပင်မြို့နယ်အတွင်းရှိ ၁။(က)ရပ်ကွက်၊ ၂။(ခ)ရပ်ကွက်၊ ၃။(ဂ)ရပ်ကွက်၊ ၄။(ဃ)ရပ်ကွက်။
၁၀	တန့်ဆည်မြို့နယ် မဲဆန္ဒနယ်	တန့်ဆည်မြို့နယ်အတွင်းရှိ ၁။ ဗိုလ်မြရပ်ကွက်၊ ၂။ ပေါ်ဦးရပ်ကွက်၊ ၃။ မဟာမြိုင်ရပ်ကွက်၊ ၄။ မြတ္တာမြိုင်ရပ်ကွက်၊ ၅။ ဘေရင်းကျေးရွာအုပ်စု၊ ၆။ မူးဝကျေးရွာအုပ်စု၊ ၇။ ကျွန်းလယ်ကျေးရွာအုပ်စု၊ ၈။ တုတ္တလုပ်ကျေးရွာအုပ်စု။
	တနင်္သာရီတိုင်းဒေသကြီး	
၁၁	မြိတ်မြို့နယ် မဲဆန္ဒနယ်	မြိတ်မြို့နယ်တစ်ခုလုံး။
	ပဲခူးတိုင်းဒေသကြီး	
၁၂	ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်	ညောင်လေးပင်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်အမှတ်(၁)(ညောင်လေးပင်မြို့)၊ ၂။ မြို့မရပ်ကွက်အမှတ်(၂)(ညောင်လေးပင်မြို့)၊ ၃။ မြို့မရပ်ကွက်အမှတ်(၃)(ညောင်လေးပင်မြို့)၊ ၄။ မြို့မရပ်ကွက် အမှတ်(၄) (ညောင်လေးပင်မြို့)၊ ၅။ မြို့မရပ်ကွက်အမှတ်(၅) (ညောင်လေးပင်မြို့)၊ ၆။ မြို့မ(၁) ရပ်ကွက်(မဒေါက်မြို့)၊ ၇။ မြို့မ(၂)ရပ်ကွက်(မဒေါက်မြို့)၊ ၈။ မြို့မ(၁)ရပ်ကွက်(ပြွန်တန်ဆာမြို့)၊ ၉။ မြို့မ (၂)ရပ်ကွက် (ပြွန်တန်ဆာမြို့)၊ ၁၀။ မြို့မ(၃)ရပ်ကွက်(ပြွန်တန်ဆာမြို့)၊ ၁၁။မြို့မ(၄)ရပ်ကွက်(ပြွန်တန်ဆာမြို့)၊ ၁၂။မြို့မ(၁)ရပ်ကွက်(ဝိန်းဇလုပ်မြို့)၊ ၁၃။မြို့မ(၂)ရပ်ကွက်(ဝိန်းဇလုပ်မြို့)၊ ၁၄။အလယ်ကျေးရွာအုပ်စု၊ ၁၅။ ချောင်းကျိုးကျေးရွာအုပ်စု၊ ၁၆။ အေးကျေးရွာအုပ်စု၊ ၁၇။ ကျိုပင်ကျေးရွာအုပ်စု၊ ၁၈။ လှည်းဆိပ်ကျေးရွာအုပ်စု၊

စာမျက်နှာ ၈ သို့ *

* စာမျက်နှာ ၇ မှ

		၁၉။ အင်းချောင်းကျေးရွာအုပ်စု၊ ၂၀။အင်းဝိုင်းကျေးရွာအုပ်စု၊ ၂၁။ ကလိန်ခင်းကျေးရွာအုပ်စု၊ ၂၂။ကံကလေးကျေးရွာအုပ်စု၊ ၂၃။ ကုန်းအင်းကျေးရွာအုပ်စု၊ ၂၄။ ချောင်းရင်းကျေးရွာအုပ်စု၊ ၂၅။ ကျဘန်းကျေးရွာအုပ်စု၊ ၂၆။ ကြဲဘို ကျေးရွာအုပ်စု၊ ၂၇။ ကြာအင်းကြီးကျေးရွာအုပ်စု၊ ၂၈။ မုကွမ္မကျေးရွာအုပ်စု၊ ၂၉။ ငှက်ပျောတောကျေးရွာအုပ်စု၊ ၃၀။ နဘဲပင်ကျေးရွာအုပ်စု၊ ၃၁။ ဖိုးတုပ္ပံ ကျေးရွာအုပ်စု၊ ၃၂။ စမ်းကလေး(အရှေ့)ကျေးရွာအုပ်စု၊ ၃၃။ စမ်းကြီးကျေးရွာ အုပ်စု၊ ၃၄။ ရှမ်းကျေးရွာအုပ်စု၊ ၃၅။ ထော်ခွတ်ကျေးရွာအုပ်စု၊ ၃၆။ တော်ပသီ ကျေးရွာအုပ်စု၊ ၃၇။ တော်ဝိကျေးရွာအုပ်စု၊ ၃၈။ ထိန်တပင်ကျေးရွာအုပ်စု၊ ၃၉။ သောင်ကြီးကျေးရွာအုပ်စု၊ ၄၀။ သံတံတားကျေးရွာအုပ်စု၊ ၄၁။ ဝါးပ တောကျေးရွာအုပ်စု၊ ၄၂။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၄၃။ ဝင်္ကဘော်ကျေးရွာ အုပ်စု၊ ၄၄။ ဝဲဝန်းကျေးရွာအုပ်စု၊ ၄၅။ ရေဖြူကန်ကျေးရွာအုပ်စု၊ ၄၆။ ရေဆုံး ကျေးရွာအုပ်စု၊ ၄၇။ ရေကျော်ကျေးရွာအုပ်စု၊ ၄၈။ ရေပေါ်သောင်ကျေးရွာအုပ်စု၊ ၄၉။ ဇီးကုန်းကြီးကျေးရွာအုပ်စု၊ ၅၀။ စည်ပင်ကျေးရွာအုပ်စု။
၁၂	ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ်	ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ်(၄)ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ ရပ်သစ်ကျေးရွာအုပ်စု၊ ၇။ ဝက်တိုးကျေးရွာအုပ်စု၊ ၈။ သဖန်းချိုကျေးရွာအုပ်စု၊ ၉။ ဘန့်ပြင်ကျေးရွာအုပ်စု၊ ၁၀။ ရွာထောင်ကျေးရွာအုပ်စု၊ ၁၁။ ကျွဲပေါင်ပင် ကျေးရွာအုပ်စု၊ ၁၂။ချောင်းဓောက်ကျေးရွာအုပ်စု၊ ၁၃။ မြောက်လက်ကြီးကျေးရွာ အုပ်စု၊ ၁၄။ ဓမ္မသော်ကျေးရွာအုပ်စု၊ ၁၅။ ဝိတောက်ကုန်းကျေးရွာအုပ်စု၊ ၁၆။ ဝါးရုံးပင်လယ်ကျေးရွာအုပ်စု၊ ၁၇။ ထန်းတပင်ကျေးရွာအုပ်စု၊ ၁၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၁၉။ မြို့တောင်ကျေးရွာအုပ်စု၊ ၂၀။ အရာတော် ကျေးရွာအုပ်စု၊ ၂၁။ ကင်မွန်းခြံကျေးရွာအုပ်စု၊ ၂၂။ ငါးခူအိုင်ကျေးရွာအုပ်စု၊ ၂၃။ ရွာရှည်ကျေးရွာအုပ်စု၊ ၂၄။ အင်ငါးခွကျေးရွာအုပ်စု၊ ၂၅။ အနောက်ကြို့ကုန်း ကျေးရွာအုပ်စု၊ ၂၆။ ဗောဓိကုန်းကျေးရွာအုပ်စု၊ ၂၇။ မဝိုးရိမ်ကျေးရွာအုပ်စု၊ ၂၈။ ငွေးပင်ခုံကျေးရွာအုပ်စု၊ ၂၉။ ဘန့်ဘွေးတောင် ကျေးရွာအုပ်စု။
၁၃	ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်	ပန်းတောင်းမြို့နယ်တစ်ခုလုံး။
	မကွေးတိုင်းဒေသကြီး	
၁၄	ချောက်မြို့နယ် မဲဆန္ဒနယ်	ချောက်မြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်(ချောက်မြို့)၊ ၂။ အမှတ်(၂) ရပ်ကွက်(ချောက်မြို့)၊ ၃။အမှတ်(၃)ရပ်ကွက်(ချောက်မြို့)၊ ၄။ အမှတ်(၄) ရပ်ကွက်(ချောက်မြို့)၊ ၅။ အမှတ်(၅)ရပ်ကွက်(ချောက်မြို့)၊ ၆။ အမှတ်(၆) ရပ်ကွက်(ချောက်မြို့)၊ ၇။ အမှတ်(၇)ရပ်ကွက်(ချောက်မြို့)၊ ၈။ အမှတ်(၈) ရပ်ကွက်(ချောက်မြို့)၊ ၉။ အမှတ်(၉)ရပ်ကွက်(ချောက်မြို့)၊ ၁၀။ အမှတ်(၁၀) ရပ်ကွက်(ချောက်မြို့)၊ ၁၁။ အမှတ်(၁၁)ရပ်ကွက်(ချောက်မြို့)၊ ၁၂။ အမှတ် (၁၂)ရပ်ကွက်(ချောက်မြို့)၊ ၁၃။ အမှတ်(၁၃)ရပ်ကွက်(ချောက်မြို့)၊ ၁၄။ အမှတ်(၁၄)ရပ်ကွက်(ချောက်မြို့)၊ ၁၅။ အမှတ်(၁၅)ရပ်ကွက်(ချောက်မြို့)၊ ၁၆။ အမှတ်(၁)ရပ်ကွက်(စလေမြို့)၊ ၁၇။ အမှတ်(၂)ရပ်ကွက်(စလေမြို့)၊ ၁၈။ အမှတ်(၃)ရပ်ကွက်(စလေမြို့)၊ ၁၉။ အမှတ်(၄)ရပ်ကွက်(စလေမြို့)၊ ၂၀။ အမှတ်(၅)ရပ်ကွက်(စလေမြို့)။
၁၅	မင်းဘူးမြို့နယ် မဲဆန္ဒနယ်	မင်းဘူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်(မင်းဘူးမြို့)၊ ၂။ အမှတ်(၂) ရပ်ကွက်(မင်းဘူးမြို့)၊ ၃။ အမှတ်(၃)ရပ်ကွက်(မင်းဘူးမြို့)၊ ၄။ အမှတ်(၄) ရပ်ကွက်(မင်းဘူးမြို့)၊ ၅။ အမှတ်(၁)ရပ်ကွက်(စကုမြို့)၊ ၆။ အမှတ်(၂)ရပ်ကွက် (စကုမြို့)၊ ၇။ အမှတ်(၃)ရပ်ကွက်(စကုမြို့)၊ ၈။ လက်ခုတ်ပင်ကျေးရွာအုပ်စု၊ ၉။ ပင်လယ်သက်ကျေးရွာအုပ်စု၊ ၁၀။ ကံသာကျေးရွာအုပ်စု၊ ၁၁။ ဥယျာဉ်ဇင် ကျေးရွာအုပ်စု၊ ၁၂။ ရေပုတ်ကျေးရွာအုပ်စု၊ ၁၃။ ကုလားပါးကျေးရွာအုပ်စု၊ ၁၄။ ကံသစ်ကျေးရွာအုပ်စု၊ ၁၅။ ကံကုလားကျေးရွာအုပ်စု၊ ၁၆။ ကဒီးကျေးရွာ အုပ်စု၊ ၁၇။ ပေါက်ဋ္ဌကျေးရွာအုပ်စု၊ ၁၈။ မန်းကြီးကျေးရွာအုပ်စု၊ ၁၉။ ကျောက်စံ ကျေးရွာအုပ်စု၊ ၂၀။ ထနောင်းတောကျေးရွာအုပ်စု၊ ၂၁။ ကျောက်စစ်ပုံကျေးရွာ အုပ်စု၊ ၂၂။ ကျောက်တန်းကျေးရွာအုပ်စု၊ ၂၃။ကံရေကျေးရွာအုပ်စု၊ ၂၄။ ရွာသာ ကျေးရွာအုပ်စု၊ ၂၅။ ကြာကံကျေးရွာအုပ်စု၊ ၂၆။ မယ်ဘေ့ကုန်းကျေးရွာအုပ်စု၊ ၂၇။ အလံပါယ်ကျေးရွာအုပ်စု၊ ၂၈။ လက်ပတောကျေးရွာအုပ်စု၊ ၂၉။ နီဗွာန်ကျွန်း ကျေးရွာအုပ်စု၊ ၃၀။ ထောက်ရှာပင်ကျေးရွာအုပ်စု၊ ၃၁။ ပုခေါင်းကျေးရွာအုပ်စု၊ ၃၂။ မုန်ထောင်ကျေးရွာအုပ်စု၊ ၃၃။ ချောင်းဖြူကျေးရွာအုပ်စု၊ ၃၄။ သီးကုန်း ကျေးရွာအုပ်စု၊ ၃၅။ ကျွန်းပြောကျေးရွာအုပ်စု၊ ၃၆။ မင်းလှကျွန်းကျေးရွာအုပ်စု၊ ၃၇။ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ၃၈။ ပေါက်ပင်ထွင်းကျေးရွာအုပ်စု၊ ၃၉။ မကျီးသုံးပင်ကျေးရွာအုပ်စု၊ ၄၀။ ရေပေါ်ကြီး ကျေးရွာအုပ်စု၊ ၄၁။ ဆင်ခေါင်း ကျေးရွာအုပ်စု၊ ၄၂။ မောင်းမကန်ကျေးရွာအုပ်စု၊ ၄၃။ ဇီးအိုင်းကျေးရွာအုပ်စု၊ ၄၄။ ကုန်းသာကျေးရွာအုပ်စု၊ ၄၅။ တောင်မန်းစံပြရွာသစ်ကျေးရွာအုပ်စု၊ ၄၆။ ထိန်တောကျေးရွာအုပ်စု၊ ၄၇။ ပိုက်ပင်ကျေးရွာအုပ်စု၊ ၄၈။ ရေငံကျေးရွာ အုပ်စု၊ ၄၉။ ရွာပုလဲကုန်းတန်းကျေးရွာအုပ်စု၊ ၅၀။ ကျီးပင်ကန်ကျေးရွာအုပ်စု၊ ၅၁။ ဖလံရုံကျေးရွာအုပ်စု၊ ၅၂။ နန်းတော်ကုန်းကျေးရွာအုပ်စု၊ ၅၃။ ရွာသာယာ ကျေးရွာအုပ်စု၊ ၅၄။ သဘော်ကျွန်းကျေးရွာအုပ်စု။
၁၆	**မန္တလေးတိုင်းဒေသကြီး** ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်	ပြင်ဦးလွင်မြို့နယ်တစ်ခုလုံး။

၁၇	မိတ္ထီလာမြို့နယ် မဲဆန္ဒနယ်	မိတ္ထီလာမြို့နယ်အတွင်းရှိ ၁။ အောင်ဆန်းရပ်ကွက်၊ ၂။ ပေါက်ချောင်းရပ်ကွက်၊ ၃။ နန်းတော်ကုန်းရပ်ကွက်၊ ၄။ မြို့မရပ်ကွက်၊ ၅။ အရှေ့ပြင်ရပ်ကွက်၊ ၆။ရတနာ မာန်အောင်ရပ်ကွက်၊ ၇။ သီရိမင်္ဂလာရပ်ကွက်၊ ၈။ ဝန်းဇင်းရပ်ကွက်၊ ၉။ ရန်မျိုးအောင်ရပ်ကွက်၊ ၁၀။ ကြည်တော်ကုန်းရပ်ကွက်၊ ၁၁။ အောင်ဇေယျာ ရပ်ကွက်၊ ၁၂။ ချည်စက်ရပ်ကွက်၊ ၁၃။ ပြည်သာယာရပ်ကွက်(တောင်)၊ ၁၄။ ပြည်သာယာရပ်ကွက်(မြောက်)၊ ၁၅။အရာတော်ကျေးရွာအုပ်စု၊ ၁၆။ရေချိုကျေးရွာအုပ်စု၊ ၁၇။ လိန်တောကျေးရွာအုပ်စု၊ ၁၈။ ကျောက်ဖြူကုန်းကျေးရွာ အုပ်စု၊ ၁၉။ ရွှေစစ်သည်ကျေးရွာအုပ်စု၊ ၂၀။ မွေကျေးရွာအုပ်စု၊ ၂၁။ ဆည်အောင် ကုန်းကျေးရွာအုပ်စု၊ ၂၂။ အိုင့်ကြီးလည်ကျေးရွာအုပ်စု၊ ၂၃။ တပျော်ကျေးရွာ အုပ်စု၊ ၂၄။ ရေဝေကျေးရွာအုပ်စု၊ ၂၅။ မုန့်တိုင်ကျေးရွာအုပ်စု၊ ၂၆။ သရက်ပင် ကျေးရွာအုပ်စု၊ ၂၇။ မြောက်လည်ကျေးရွာအုပ်စု၊ ၂၈။ သီးကုန်းကျေးရွာအုပ်စု၊ ၂၉။ အလည်ကျေးရွာအုပ်စု၊ ၃၀။ဆပ်ပျာကျင်းကျေးရွာအုပ်စု၊ ၃၁။ ကနဲနီကျေးရွာ အုပ်စု၊ ၃၂။ ခင်တဲကျေးရွာအုပ်စု၊ ၃၃။ အင်းကျေးရွာအုပ်စု၊ ၃၄။ ရွှေပဒိုင်ကျေးရွာ အုပ်စု၊ ၃၅။ ကျွဲတလင်းကျေးရွာအုပ်စု၊ ၃၆။ ဂဠုံကုန်းကျေးရွာအုပ်စု၊ ၃၇။ မြင်းကန်ကျေးရွာအုပ်စု၊ ၃၈။ ဓောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ၃၉။ ထမုံ ကန်ကျေးရွာအုပ်စု၊ ၄၀။ တောမကျေးရွာအုပ်စု၊ ၄၁။ ကဖြူကျေးရွာအုပ်စု၊ ၄၂။ ညောင်ကိုင်းကျေးရွာအုပ်စု၊ ၄၃။ ရုန်းတောကြီးကျေးရွာအုပ်စု၊ ၄၄။ ညောင်ကန် ကျေးရွာအုပ်စု၊ ၄၅။ ကန်သာကျေးရွာအုပ်စု၊ ၄၆။ ဆည်ကုန်းကျေးရွာအုပ်စု၊ ၄၇။ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ၄၈။ ကန်တောင်ကျေးရွာအုပ်စု၊ ၄၉။ ညောင်ဓောက် ကျေးရွာအုပ်စု၊ ၅၀။ မြာကျေးရွာအုပ်စု၊ ၅၁။ ခင်လူးကျေးရွာအုပ်စု၊ ၅၂။ ပျဉ်သာ ကျေးရွာအုပ်စု၊ ၅၃။ လှည်းပွဲကျေးရွာအုပ်စု၊ ၅၄။ မောက်လောက်ကျေးရွာ အုပ်စု၊ ၅၅။ ကျောင်းကျေးရွာအုပ်စု၊ ၅၆။ ညောင်မြင့်ကျေးရွာအုပ်စု၊ ၅၇။ကွက်ငယ် ကျေးရွာအုပ်စု၊ ၅၈။ လျှော်ဖြူကန်ကျေးရွာအုပ်စု၊ ၅၉။မကြီးစုကျေးရွာအုပ်စု၊ ၆၀။ ဝါးရုံကျေးရွာအုပ်စု၊ ၆၁။ ကန်ကြီးကျေးရွာအုပ်စု၊ ၆၂။ ရှမ်းတဲကျေးရွာအုပ်စု၊ ၆၃။ ရှမ်းမငယ်(ရှမ်းမငယ်)ကျေးရွာအုပ်စု။
၁၈	နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်	နွားထိုးကြီးမြို့နယ်အတွင်းရှိ ၁။အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂) ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ်(၄)ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ အမှတ်(၆)ရပ်ကွက်၊ ၇။ အမှတ်(၇)ရပ်ကွက်၊ ၈။ အမှတ်(၈)ရပ်ကွက်။
၁၉	စဉ့်ကူးမြို့နယ် မဲဆန္ဒနယ်	စဉ့်ကူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၄။ လက်ပန်လှကျေးရွာအုပ်စု၊ ၅။ ရှောက်ပင်ရိုး ကျေးရွာအုပ်စု၊ ၆။ ရွှေပြည်ကျေးရွာအုပ်စု။
၂၀	မိုးကုတ်မြို့နယ် မဲဆန္ဒနယ်	မိုးကုတ်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်၊ ၂။ ရှောလီဝိုင်းရပ်ကွက်၊ ၃။ မင်းတံတားရပ်ကွက်၊ ၄။ လယ်ဦးရပ်ကွက်၊ ၅။ ရေပူရပ်ကွက်၊ ၆။ ဝိန်းပြစ် ကျေးရွာအုပ်စု၊ ၇။ တောင်ခွန်းကျေးရွာအုပ်စု၊ ၈။ သဒ္ဒတ်သျှိကျေးရွာအုပ်စု၊ ၉။ ပြောင်းပြင်ကျေးရွာအုပ်စု၊ ၁၀။ ကျောက်ဆင်ကျေးရွာအုပ်စု၊ ၁၁။ ရွာသာယာ ကျေးရွာအုပ်စု၊ ၁၂။ ကျောက်ဝါကျေးရွာအုပ်စု၊ ၁၃။ လီရှောလယ်ဦးကျေးရွာ အုပ်စု၊ ၁၄။ ချောင်းကြီးကျေးရွာအုပ်စု၊ ၁၅။ လီရှောကျောက်ပုံကျေးရွာအုပ်စု၊ ၁၆။ ကြက်နှစ်ဖကျေးရွာအုပ်စု၊ ၁၇။ ဘော့လုံးကြီးကျေးရွာအုပ်စု၊ ၁၈။ ကဝိုင် ကျေးရွာအုပ်စု၊ ၁၉။ ကသဲကျေးရွာအုပ်စု၊ ၂၀။ ကျပ်ပြင်ကျေးရွာအုပ်စု၊ ၂၁။ အုန်ဒန်ကျေးရွာအုပ်စု၊ ၂၂။ ရေအေးကျေးရွာအုပ်စု၊ ၂၃။ ကင်းကျေးရွာအုပ်စု၊ ၂၄။ လောင်းစင်ကျေးရွာအုပ်စု၊ ၂၅။ ရွှေညောင်ပင်ကျေးရွာအုပ်စု၊ ၂၆။ ဗမွန် ကျေးရွာအုပ်စု၊ ၂၇။ ဖြူရောင်ကျေးရွာအုပ်စု၊ ၂၈။ ကျောက်တလုံးကျေးရွာ အုပ်စု၊ ၂၉။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၃၀။ညောင်ထောက်ကျေးရွာအုပ်စု၊ ၃၁။ ပင်သပြေကျေးရွာအုပ်စု၊ ၃၂။ လွယ်ငင်းကျေးရွာအုပ်စု။
	မွန်ပြည်နယ်	
၂၁	ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်	ကျိုက်မရောမြို့နယ်အတွင်းရှိ ၁။ရှင်စောပုရပ်ကွက်၊ ၂။ရန်မျိုးအောင်ရပ်ကွက်၊ ၃။ အထရံရပ်ကွက်၊ ၄။အောင်သုခရပ်ကွက်၊ ၅။ ဘာဘူကုန်းကျေးရွာအုပ်စု၊ ၆။ ဘိန်းဗျောကျေးရွာအုပ်စု၊ ၇။ ဓမ္မဿကျေးရွာအုပ်စု၊ ၈။ ကဒါကျေးရွာအုပ်စု၊ ၉။ ကလိုင်းကန်ိင်ကျေးရွာအုပ်စု၊ ၁၀။ ခနောင်ကျေးရွာအုပ်စု၊ ၁၁။ ကော့သပ် ကျေးရွာအုပ်စု၊ ၁၂။ ခရုံကျေးရွာအုပ်စု၊ ၁၃။ ကျိုက်ပရန်ကျေးရွာအုပ်စု၊ ၁၄။ ကျိုက္ကယ် ကျေးရွာအုပ်စု၊ ၁၅။ ကျိုစိန်ကျေးရွာအုပ်စု၊ ၁၆။ ကျိုဝမ်းကျေးရွာအုပ်စု၊ ၁၇။ လမုခို ကျေးရွာအုပ်စု၊ ၁၈။ လက်ပန်ကျေးရွာအုပ်စု၊ ၁၉။ မိကသစ်ကျေးရွာအုပ်စု၊ ၂၀။ ဝိန်းနဲကုန်းကျေးရွာအုပ်စု၊ ၂၁။ ဖန်ကျေးရွာအုပ်စု၊ ၂၂။ တရနာကျေးရွာအုပ်စု၊ ၂၃။ သံကလောင်ကျေးရွာအုပ်စု၊ ၂၄။ ရေတွင်းကုန်းကျေးရွာအုပ်စု။
	ရန်ကုန်တိုင်းဒေသကြီး	
၂၂	မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်	မရမ်းကုန်းမြို့နယ်တစ်ခုလုံး။
၂၃	ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်	ရွှေပြည်သာမြို့နယ်တစ်ခုလုံး။
၂၄	လှည်းကူးမြို့နယ် မဲဆန္ဒနယ်	လှည်းကူးမြို့နယ်တစ်ခုလုံး။
၂၅	တာမွေမြို့နယ် မဲဆန္ဒနယ်	တာမွေမြို့နယ်တစ်ခုလုံး။
၂၆	ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ်	ကိုကိုးကျွန်းမြို့နယ်တစ်ခုလုံး။
၂၇	လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်မဲဆန္ဒနယ်	လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တစ်ခုလုံး။

စာမျက်နှာ ၉ သို့ *

* စာမျက်နှာ ၈ မှ

၂၈	ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်	ကျောက်မဲမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက် (ကျောက်မဲမြို့)၊ ၂။ အမှတ်(၂)ရပ်ကွက်(ကျောက်မဲမြို့)၊ ၃။ အမှတ်(၃)ရပ်ကွက်(ကျောက်မဲမြို့)၊ ၄။ အမှတ်(၄)ရပ်ကွက်(ကျောက်မဲမြို့)၊ ၅။ အမှတ်(၅)ရပ်ကွက်(ကျောက်မဲမြို့)၊ ၆။ အမှတ်(၆)ရပ်ကွက်(ကျောက်မဲမြို့)၊ ၇။ အမှတ်(၇)ရပ်ကွက်(ကျောက်မဲမြို့)၊ ၈။ အမှတ်(၈)ရပ်ကွက်(ကျောက်မဲမြို့)၊ ၉။ အမှတ်(၉)ရပ်ကွက်(ကျောက်မဲမြို့)၊ ၁၀။ မန်ကျောင်း(ကျဲကုန်း)ကျေးရွာအုပ်စု၊ ၁၁။ ခိုမုန်းကျေးရွာအုပ်စု၊ ၁၂။ ကျောက်မဲကြီးကျေးရွာအုပ်စု၊ ၁၃။ မန်ကျောင်း(ကျောက်မဲကြီး)ကျေးရွာအုပ်စု၊ ၁၄။ ပိန္နဲကုန်းကျေးရွာအုပ်စု။
၂၉	မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်	မိုင်းဖြတ်မြို့နယ်အတွင်းရှိ ၁။ ဝမ်မိုင်ရပ်ကွက်၊ ၂။ ဈေးတန်းရပ်ကွက်၊ ၃။ ဝမ်ဝေရပ်ကွက်၊ ၄။ မိုင်းဖြတ်ကျေးရွာအုပ်စု၊ ၅။ ဝမ်လုံးကျေးရွာအုပ်စု၊ ၆။ နမ့်ကုန်းကျေးရွာအုပ်စု၊ ၇။ နမ့်လောက်ကျေးရွာအုပ်စု၊ ၈။ နမ့်နန်းကျေးရွာအုပ်စု၊ ၉။ မွန်ကာကျောင်းကျေးရွာအုပ်စု၊ ၁၀။ ဆီးမွန်ကျေးရွာအုပ်စု၊ ၁၁။ ဝမ်ပုံကျေးရွာအုပ်စု၊ ၁၂။ အိုက်လုံကျေးရွာအုပ်စု၊ ၁၃။ ဆားလုကျေးရွာအုပ်စု၊ ၁၄။ အိုက်ငုကျေးရွာအုပ်စု၊ ၁၅။ ဟွေရှိကျေးရွာအုပ်စု၊ ၁၆။ နမ့်လန်းကျေးရွာအုပ်စု၊ ၁၇။ တောညုနမ့်ခမ်း(အောက်)ကျေးရွာအုပ်စု၊ ၁၈။ နမ့်ယွန်းကျေးရွာအုပ်စု၊ ၁၉။ မိုင်းဟဲကျေးရွာအုပ်စု၊ ၂၀။ ကောင်းမွေကျေးရွာအုပ်စု၊ ၂၁။ လမ်းဆက်ကျေးရွာအုပ်စု၊ ၂၂။ မိုင်းတင်းကျေးရွာအုပ်စု၊ ၂၃။ နမ့်ဟက်ပုံကျေးရွာအုပ်စု၊ ၂၄။ နမ့်ပန်ကျေးရွာအုပ်စု။
၃၀	မိုင်းပန်မြို့နယ် မဲဆန္ဒနယ်	မိုင်းပန်မြို့နယ်တစ်ခုလုံး။
၃၁	ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မဲဆန္ဒနယ်	မအူပင်မြို့နယ်တစ်ခုလုံး။
၃၂	ပြည်ထောင်စုနယ်မြေ ဇမ္ဘူသီရိမြို့နယ် မဲဆန္ဒနယ်	ဇမ္ဘူသီရိမြို့နယ်တစ်ခုလုံး။
၃၃	ဒက္ခိဏာသီရိမြို့နယ် မဲဆန္ဒနယ်	ဒက္ခိဏာသီရိမြို့နယ်တစ်ခုလုံး။
၃၄	ဥတ္တရာသီရိမြို့နယ် မဲဆန္ဒနယ်	ဥတ္တရာသီရိမြို့နယ်တစ်ခုလုံး။

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက်သတ်မှတ်ထားသည့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်အမှတ်	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
၁	ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၅)	ဝိုင်းမော်မြို့နယ်အတွင်းရှိ ၁။ အမှတ် (၁)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၂။ အမှတ် (၂)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၃။ အမှတ် (၃)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၄။ အမှတ် (၄)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၅။ အမှတ် (၅)ရပ်ကွက်(ဝိုင်းမော်မြို့)၊ ၆။ မဒီန်ကျေးရွာအုပ်စု၊ ၇။ မုတ်လွဲကျေးရွာအုပ်စု၊ ၈။ ခတ်ချိုကျေးရွာအုပ်စု၊ ၉။ မိုင်းနားကျေးရွာ အုပ်စု၊ ၁၀။ နောင်တာလောကျေးရွာအုပ်စု၊ ၁၁။ နောင်ဟီးကျေးရွာအုပ်စု၊ ၁၂။ မခန္တီးကျေးရွာအုပ်စု၊ ၁၃။ ငုယန်ကျေးရွာအုပ်စု၊ ၁၄။ နောင်ချိန်းကျေးရွာအုပ်စု၊ ၁၅။ စန်းကားကျေးရွာအုပ်စု။
၂	ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၃)	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ ဗလိုင်ရပ်ကွက်(ဖလမ်းမြို့)၊ ၃။ ဖာရ်ထောက်ရပ်ကွက်(ဖလမ်းမြို့)၊ ၄။ တလန်လိုရပ်ကွက်(ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက်(ဖလမ်းမြို့)၊ ၆။ လိုင်လွန်ရပ်ကွက်(ဖလမ်းမြို့)၊ ၇။ လုံပီးရပ်ကွက်(ဖလမ်းမြို့)၊ ၈။ ဇာလိုင်ရပ်ကွက်(ဖလမ်းမြို့)။
၃	ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၄)	ပဲခူးမြို့နယ်တစ်ခုလုံး။ သနပ်ပင်မြို့နယ် တစ်ခုလုံးနှင့် ဝေါမြို့နယ်အတွင်းရှိ ၁။ ကန်တော်ရပ်ကွက်၊ ၂။ သစ်ခက်ရပ်ကွက်၊ ၃။ ချမ်းမြသာစည်ရပ်ကွက်၊ ၄။ ဇချမ်းသာယာရပ်ကွက်၊ ၅။ ဘိုးဘုရပ်ကွက်၊ ၆။ ဝေါအရှေ့ဘက်ကမ်းရပ်ကွက်၊ ၇။ နောင်ပတ္တရာကျေးရွာအုပ်စု၊ ၈။ နောင်ဂျမ်းကျေးရွာအုပ်စု၊ ၉။ သဘော့ကန့်ကျေးရွာအုပ်စု၊ ၁၀။ ဇကရာဇ်ကျေးရွာအုပ်စု၊ ၁၁။ ကျိုက်လှကျေးရွာအုပ်စု၊ ၁၂။ ဝေါရုမ်းစုကျေးရွာအုပ်စု၊ ၁၃။ ကြာလဟာကျေးရွာအုပ်စု၊ ၁၄။ ကံမြင့်ကျေးရွာအုပ်စု၊ ၁၅။ ကျုံသင်္ကြံကျေးရွာအုပ်စု၊ ၁၆။ ကော့ဝင်းကျေးရွာအုပ်စု၊ ၁၇။ ညောင်သုံးခွကျေးရွာအုပ်စု၊ ၁၈။ ဓိုးနက်ကျေးရွာအုပ်စု၊ ၁၉။ ညောင်ကိုင်းကျေးရွာအုပ်စု၊ ၂၀။ ကဒွတ်ကျေးရွာအုပ်စု၊ ၂၁။ ကျုံရဲကျေးရွာအုပ်စု၊ ၂၂။ ဘိုကတော်ကျေးရွာအုပ်စု၊ ၂၃။ လက်ပံသုံးပင်ကျေးရွာအုပ်စု၊ ၂၄။ ကမာကဘန်ကျေးရွာအုပ်စု၊ ၂၅။ ဘုရားပျိုကျေးရွာအုပ်စု၊ ၂၆။ ထိန်ပတပင်ကျေးရွာအုပ်စု၊ ၂၇။ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ၂၈။ ဝင်းကဒတ်ကျေးရွာအုပ်စု၊ ၂၉။ တောကြီးကျေးရွာအုပ်စု၊ ၃၀။ ရှမ်းကိုင်းကျေးရွာအုပ်စု၊ ၃၁။ အထက်ပန်းညိုကျေးရွာအုပ်စု၊ ၃၂။ သပြေကန်ကျေးရွာအုပ်စု၊ ၃၃။ ညောင်ခါးရွာညီကျေးရွာအုပ်စု၊ ၃၄။ မွဲကတုံးကျေးရွာအုပ်စု၊ ၃၅။ ဆပ်သွားခြံကျေးရွာအုပ်စု၊ ၃၆။ အဗျားငှက်ချေးဝင်းကျေးရွာအုပ်စု၊ ၃၇။ အဗျားအလယ်စုကျေးရွာအုပ်စု၊ ၃၈။ အဗျားဗိုလ်တဲကျေးရွာအုပ်စု၊ ၃၉။ ဘိုးပြန်ကျေးရွာအုပ်စု၊ ၄၀။ ဘိုးစပါယ်ကျေးရွာအုပ်စု၊ ၄၁။ အဗျားထမင်းဆိုင်ကျေးရွာအုပ်စု၊ ၄၂။ စိုင်တီစုကျေးရွာအုပ်စု၊ ၄၃။ အင်းတိုင်စုကျေးရွာအုပ်စု၊ ၄၄။ ကမာတကေကျေးရွာအုပ်စု၊ ၄၅။ ခင်တန်းကြီးကျေးရွာအုပ်စု၊ ၄၆။ ဘိုးဦးစိန်ကျေးရွာအုပ်စု၊ ၄၇။ လေးအိမ်စုကျေးရွာအုပ်စု၊ ၄၈။ သူဌေးကုန်းကျေးရွာအုပ်စု၊ ၄၉။ မြစ်ကျိုးကျေးရွာအုပ်စု၊ ၅၀။ ဂွေကြီးကျေးရွာအုပ်စု၊ ၅၁။ အောက်ဂွေကြီးကျေးရွာအုပ်စု၊ ၅၂။ ဘိုးစိန္ဒာစုကျေးရွာအုပ်စု၊ ၅၃။ ပုဂံကျေးရွာအုပ်စု၊ ၅၄။ လက်ပန်ကျေးရွာအုပ်စု၊ ၅၅။ တနော်ကျွန်းကျေးရွာအုပ်စု၊ ၅၆။ အုတ်ဖိုကျေးရွာအုပ်စု၊ ၅၇။ သူရဲသူမိန်ကျေးရွာအုပ်စု၊ ၅၈။ ဆင်ကျေးရွာအုပ်စု၊ ၅၉။ ဒလန္တမ်းကျေးရွာအုပ်စု၊ ၆၀။ ဝိုင်းပါတ်ကျေးရွာအုပ်စု၊ ၆၁။ အဘားကျေးရွာအုပ်စု၊ ၆၂။ ကရင်စုကျေးရွာအုပ်စု၊ ၆၃။ ကပင်ကျေးရွာအုပ်စု။
၄	ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၅)	ပန်းတောင်းမြို့နယ်တစ်ခုလုံး၊ ပြည်မြို့နယ်တစ်ခုလုံး၊ ရွှေတောင်မြို့နယ်တစ်ခုလုံးနှင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ်(၄)ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ ရပ်သစ်ကျေးရွာအုပ်စု၊ ၇။ ဝက်တိုးကျေးရွာအုပ်စု၊ ၈။ သဖန်းချိုကျေးရွာ အုပ်စု၊ ၉။ ဘန့်ပြင်ကျေးရွာအုပ်စု၊ ၁၀။ ရွာထောင်ကျေးရွာအုပ်စု၊ ၁၁။ ကျွဲပေါင်ပင်ကျေးရွာအုပ်စု၊ ၁၂။ ချောင်းဇောက်ကျေးရွာအုပ်စု၊ ၁၃။ မြောက်လက်ကြီးကျေးရွာအုပ်စု၊ ၁၄။ ဓမ္မသော်ကျေးရွာအုပ်စု၊ ၁၅။ ဝိတောက်ကုန်းကျေးရွာအုပ်စု၊ ၁၆။ ဝါးရုံးပင်လယ်ကျေးရွာအုပ်စု၊ ၁၇။ ထန်းတပင်ကျေးရွာအုပ်စု၊ ၁၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၁၉။ မြို့တောင်ကျေးရွာအုပ်စု၊ ၂၀။ အရာတော်ကျေးရွာအုပ်စု၊ ၂၁။ ကင်မွန်းခြံကျေးရွာအုပ်စု၊ ၂၂။ ငါးခုအိုင်ကျေးရွာအုပ်စု၊ ၂၃။ ရွာရှည်ကျေးရွာအုပ်စု၊ ၂၄။ အင်ငါးခွကျေးရွာအုပ်စု၊ ၂၅။ အနောက်ကြို့ကုန်းကျေးရွာအုပ်စု၊ ၂၆။ ဗောဓိကုန်းကျေးရွာအုပ်စု၊ ၂၇။ မစိုးရိမ်ကျေးရွာအုပ်စု၊ ၂၈။ ငွေးပင်ခုံကျေးရွာအုပ်စု၊ ၂၉။ ဘန့်ဘွေးတောင်ကျေးရွာအုပ်စု။
၅	မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၆)	ပြည်ထောင်စုနယ်မြေတစ်ခုလုံး။

စာမျက်နှာ ၁၀ သို့ *




သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်	တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
	ချင်းပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၁	တွန်းဇံမြို့နယ် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်အတွင်းရှိ ၁။ ခေါဝုန်/လေးဆန်ရပ်ကွက်(တွန်းဇံမြို့)၊ ၂။ ခေါလိုင်/ဂိုးဇန်ရပ်ကွက်(တွန်းဇံမြို့)။
၂	ဖလမ်းမြို့နယ် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ ဗလိုင်ရပ်ကွက်(ဖလမ်းမြို့)၊ ၃။ ဖာရ်ထောက်ရပ်ကွက်(ဖလမ်းမြို့)၊ ၄။ တလန်လိုရပ်ကွက်(ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက်(ဖလမ်းမြို့)၊ ၆။ လိုင်လွန်ရပ်ကွက် (ဖလမ်းမြို့)၊ ၇။ လုံဝီးရပ်ကွက်(ဖလမ်းမြို့)၊ ၈။ ဇာလိုင်ရပ်ကွက်(ဖလမ်းမြို့)။
	စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၃	ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်	ထီးချိုင့်မြို့နယ်အတွင်းရှိ ၁။ စံပြရပ်ကွက်၊ ၂။ အောင်ဇေယျာရပ်ကွက်၊ ၃။ ဝိသာခါရပ်ကွက်၊ ၄။ ဘုရင့်နောင်ရပ်ကွက်၊ ၅။ မြတောင်ကျေးရွာအုပ်စု၊ ၆။ မောင်းကုန်းကျေးရွာအုပ်စု။
၄	ဗန်းမောက်မြို့နယ် မဲဆန္ဒနယ်	ဗန်းမောက်မြို့နယ်အတွင်းရှိ ၁။ မြန်နွာရပ်ကွက်၊ ၂။ မြို့မရပ်ကွက်၊ ၃။ လွှစင်ကုန်းရပ်ကွက်၊ ၄။ အောင်သာကုန်းရပ်ကွက်၊ ၅။ မြစ်သေးချင်းကျွဲကောကုန်းကျေးရွာအုပ်စု၊ ၆။ လယ်နက်ကြီးကျေးရွာအုပ်စု၊ ၇။ စက်တောကျေးရွာအုပ်စု၊ ၈။ ကံရွာကျေးရွာအုပ်စု၊ ၉။ ပင်ဟင်းခါးကျေးရွာအုပ်စု၊ ၁၀။ လေးသီကျေးရွာအုပ်စု၊ ၁၁။ ပင်ပုကျေးရွာအုပ်စု၊ ၁၂။ မံလောင်ပေပင်ကျေးရွာအုပ်စု၊ ၁၃။ မံလှကျေးရွာအုပ်စု၊ ၁၄။ မံစီကြီးကျေးရွာအုပ်စု၊ ၁၅။ နောင်ပတ်ကျေးရွာအုပ်စု၊ ၁၆။ နန့်မားကျေးရွာအုပ်စု၊ ၁၇။ မံအင်ကျေးရွာအုပ်စု၊ ၁၈။ နားနန့်ထွန်ကျေးရွာအုပ်စု။
၅	အင်းတော်မြို့နယ် မဲဆန္ဒနယ်	အင်းတော်မြို့နယ်အတွင်းရှိ ၁။ အောင်မင်္ဂလာရပ်ကွက်(အင်းတော်မြို့)၊ ၂။ အောင်ချမ်းသာရပ်ကွက်(အင်းတော်မြို့)၊ ၃။ အောင်ဇေယျာရပ်ကွက်(အင်းတော်မြို့)၊ ၄။ အောင်မေတ္တာရပ်ကွက်(အင်းတော်မြို့)၊ ၅။ နန့်ခင့်ကျေးရွာအုပ်စု၊ ၆။ လယ်ပြင်ကျေးရွာအုပ်စု။
၆	ကောလင်းမြို့နယ် မဲဆန္ဒနယ်	ကောလင်းမြို့နယ်အတွင်းရှိ၁။မြောက်အင်းရပ်ကွက်၊ ၂။ကျော်ဇေယျာ(၁)ရပ်ကွက်၊ ၃။ ဈေးရုံဗိုလ်တဲရပ်ကွက်၊ ၄။ မြို့မ မြို့ကုန်းရပ်ကွက်၊ ၅။ ပြင်ဦးလွင်ရပ်ကွက်၊ ၆။ စက်ရုံလယ်ပြင်ရပ်ကွက်၊ ၇။ ကျော်ဇေယျာ(၂)ရပ်ကွက်၊ ၈။ မင်းတဲကြီးရပ်ကွက်။
၇	ပုလဲမြို့နယ် မဲဆန္ဒနယ်	ပုလဲမြို့နယ်အတွင်းရှိ ၁။မြောက်ပိုင်းရပ်ကွက်၊ ၂။တောင်ပိုင်းရပ်ကွက်။
၈	ယင်းမာပင်မြို့နယ် မဲဆန္ဒနယ်	ယင်းမာပင်မြို့နယ်အတွင်းရှိ ၁။ (က) ရပ်ကွက်၊ ၂။ (ခ)ရပ်ကွက်၊ ၃။ (ဂ) ရပ်ကွက်၊ ၄။ (ဃ) ရပ်ကွက်။
၉	တန့်ဆည်မြို့နယ် မဲဆန္ဒနယ်	တန့်ဆည်မြို့နယ်အတွင်းရှိ ၁။ ဗိလ်ဖြရပ်ကွက်၊ ၂။ ပေါ်ဦးရပ်ကွက်၊ ၃။ မဟာမြိုင်ရပ်ကွက်၊ ၄။ မေတ္တာမြိုင်ရပ်ကွက်၊ ၅။ ဘေရင်းကျေးရွာအုပ်စု၊ ၆။ မူဒွကျေးရွာအုပ်စု၊ ၇။ ကျွန်းလယ်ကျေးရွာအုပ်စု၊ ၈။ တုတ္တလုပ်ကျေးရွာအုပ်စု။
၁၀	ရွှေဘိုမြို့နယ် မဲဆန္ဒနယ်	ရွှေဘိုမြို့နယ်အတွင်းရှိ ၁။ အမှတ်(၂)ရပ်ကွက်(ရွှေဘိုမြို့)၊ ၂။ အမှတ်(၃)ရပ်ကွက်(ရွှေဘိုမြို့)၊ ၃။ အမှတ်(၁၀)ရပ်ကွက် (ရွှေဘိုမြို့)၊ ၄။ မင်းကျောင်းကျေးရွာအုပ်စု၊ ၅။ နမောကျေးရွာအုပ်စု။
	ပဲခူးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၁၁	ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်	ဇီးကုန်းမြို့နယ်တစ်ခုလုံး။
၁၂	သဲကုန်းမြို့နယ် မဲဆန္ဒနယ်	သဲကုန်းမြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်(သဲကုန်းမြို့)၊ ၂။ ကန်တော်မင်္ဂလာရပ်ကွက်(သဲကုန်းမြို့)၊ ၃။ ထန်းရင်းရပ်ကွက်(သဲကုန်းမြို့)၊ ၄။ ပေါက်တောရပ်ကွက်(သဲကုန်းမြို့)၊ ၅။ ချမ်းမြေသာယာရပ်ကွက်(ပုတီးကုန်းမြို့)၊ ၆။ သုခဝေဖြာရပ်ကွက် (ပုတီးကုန်းမြို့)၊ ၇။ သီရိရတနာရပ်ကွက်(အင်းမမြို့)၊ ၈။ သီရိဝေဖြာရပ်ကွက်(အင်းမမြို့)၊ ၉။ သီရိသုခရပ်ကွက်(အင်းမမြို့)၊ ၁၀။ သီရိမင်္ဂလာရပ်ကွက်(အင်းမမြို့)၊ ၁၁။ သီရိကန်သာရပ်ကွက် (အင်းမမြို့)၊ ၁၂။ ရပ်ကွက်(၁)အောင်ရတနာရပ်ကွက် (ဆင်မြီးဆွဲမြို့)၊ ၁၃။ ရပ်ကွက်(၂)ဗဟို့ရပ်ကွက် (ဆင်မြီးဆွဲမြို့)၊ ၁၄။ ရပ်ကွက်(၃)ခေတ်သစ်ရတနာရပ်ကွက်(ဆင်မြီးဆွဲမြို့)၊ ၁၅။ ဝိတ်ချင်းကုန်းကျေးရွာအုပ်စု၊ ၁၆။ ရဲရဲကန်ကျေးရွာအုပ်စု၊ ၁၇။ အုပ်ဆွဲကျေးရွာအုပ်စု၊ ၁၈။ အုပ်ဖို့ကျေးရွာအုပ်စု၊ ၁၉။ ရွာမကျေးရွာအုပ်စု၊ ၂၀။ လိန်တန်းကျေးရွာအုပ်စု၊ ၂၁။ ဇလဲ့ကျေးရွာအုပ်စု၊ ၂၂။ သဖန်းချိုကျေးရွာအုပ်စု၊ ၂၃။ ဇီးကုန်းကျေးရွာအုပ်စု၊ ၂၄။ ဆင်ကျုံးကျေးရွာအုပ်စု၊ ၂၅။ လင်းလဲကျေးရွာအုပ်စု၊ ၂၆။ လက်ပံလုံးလှကျေးရွာအုပ်စု၊ ၂၇။ ကန်နှစ်ဆင့်ကျေးရွာအုပ်စု၊ ၂၈။ လောင့်ကြီးကျေးရွာအုပ်စု၊ ၂၉။ ရွာသစ်ကျေးရွာအုပ်စု၊ ၃၀။ ရင်းတိုက်မှော်ကျေးရွာအုပ်စု၊ ၃၁။ ကရင်ကုန်းကျေးရွာအုပ်စု၊ ၃၂။ တောင်ကြို့ကုန်းကျေးရွာအုပ်စု၊ ၃၃။ တံခွန်တိုင်ကျေးရွာအုပ်စု၊ ၃၄။ ငှက်တော်မြီးကျေးရွာအုပ်စု၊ ၃၅။ ချောင်းကမ်းကြီးကျေးရွာအုပ်စု၊ ၃၆။ ကျေးသားကျေးရွာအုပ်စု၊ ၃၇။ တပင်မှော်ကျေးရွာအုပ်စု၊ ၃၈။ အင်းပေါင်ယံကျေးရွာအုပ်စု၊ ၃၉။ ဆောက်ချိုကြီးကျေးရွာအုပ်စု၊ ၄၀။ ကြို့ပင်သာကျေးရွာအုပ်စု၊ ၄၁။ ကျွဲခေါင်းကျေးရွာအုပ်စု၊ ၄၂။ ချားလျားကုန်းကျေးရွာအုပ်စု၊ ၄၃။ ရပ်သာကျေးရွာအုပ်စု၊ ၄၄။ ကျူတောကျေးရွာအုပ်စု၊ ၄၅။ ကြပ်နားကျေးရွာအုပ်စု၊ ၄၆။ ကွေ့တက်ကျေးရွာအုပ်စု၊ ၄၇။ နွယ်ကောက်ကျေးရွာအုပ်စု၊ ၄၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၄၉။ မင်းလှကျေးရွာအုပ်စု၊ ၅၀။ ဘွတ္တောကျေးရွာအုပ်စု၊ ၅၁။ ကြို့ကုန်းကျေးရွာအုပ်စု၊ ၅၂။ ရွာသာယာကျေးရွာအုပ်စု၊ ၅၃။ ကြို့ရပ်သာကျေးရွာအုပ်စု။	
၁၃	မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)	
၁၃	နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ်	နွားထိုးကြီးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ်(၂)ရပ်ကွက်၊ ၃။ အမှတ်(၃)ရပ်ကွက်၊ ၄။ အမှတ်(၄)ရပ်ကွက်၊ ၅။ အမှတ်(၅)ရပ်ကွက်၊ ၆။ အမှတ်(၆)ရပ်ကွက်၊ ၇။ အမှတ်(၇)ရပ်ကွက်၊ ၈။ အမှတ်(၈)ရပ်ကွက်။
၁၄	စဉ့်ကူးမြို့နယ် မဲဆန္ဒနယ်	စဉ့်ကူးမြို့နယ်အတွင်းရှိ ၁။ အမှတ်(၁)ရပ်ကွက်၊ ၂။ အမှတ် (၂)ရပ်ကွက်၊ ၃။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၄။ လက်ပန်လှကျေးရွာအုပ်စု၊ ၅။ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ၆။ ရွှေပြည်ကျေးရွာအုပ်စု။
၁၅	မိုးကုတ်မြို့နယ် မဲဆန္ဒနယ်	မိုးကုတ်မြို့နယ်အတွင်းရှိ ၁။ မြို့မရပ်ကွက်၊ ၂။ ရှောလီပိုင်းရပ်ကွက်၊ ၃။ မင်းတံတားရပ်ကွက်၊ ၄။ လယ်ဦးရပ်ကွက် ၊ ၅။ ရေပူရပ်ကွက်၊ ၆။ ပိန်းပြစ်ကျေးရွာအုပ်စု၊ ၇။ တောင်ခွန်းကျေးရွာအုပ်စု၊ ၈။ သဒ္ဒတ်သျှိကျေးရွာအုပ်စု၊ ၉။ ပြောင်းပြင်ကျေးရွာအုပ်စု၊ ၁၀။ ကျောက်ဆင်ကျေးရွာအုပ်စု၊ ၁၁။ ရွာသာယာကျေးရွာအုပ်စု၊ ၁၂။ ကျောက်ဝါကျေးရွာအုပ်စု၊ ၁၃။ လီရှောလယ်ဦးကျေးရွာအုပ်စု၊ ၁၄။ ချောင်းကြီးကျေးရွာအုပ်စု၊ ၁၅။ လီရှောကျောက်ပုံကျေးရွာအုပ်စု၊ ၁၆။ ကြက်နှစ်ဖကျေးရွာအုပ်စု၊ ၁၇။ ဘော့လုံးကြီးကျေးရွာအုပ်စု၊ ၁၈။ ကပိုင်ကျေးရွာအုပ်စု၊ ၁၉။ ကသဲကျေးရွာအုပ်စု၊ ၂၀။ ကျပ်ပြင်ကျေးရွာအုပ်စု၊ ၂၁။ အုန်ခဲနံကျေးရွာအုပ်စု၊ ၂၂။ ရေအေးကျေးရွာအုပ်စု၊ ၂၃။ ကင်းကျေးရွာအုပ်စု၊ ၂၄။ လောင်းစင်ကျေးရွာအုပ်စု၊ ၂၅။ ရွှေညောင်ပင်ကျေးရွာအုပ်စု၊ ၂၆။ ဗမွန်ကျေးရွာအုပ်စု၊ ၂၇။ ဖြူရောင်ကျေးရွာအုပ်စု၊ ၂၈။ ကျောက်တလုံးကျေးရွာအုပ်စု၊ ၂၉။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၃၀။ ညောင်ထောက်ကျေးရွာအုပ်စု၊ ၃၁။ ပင်သပြေကျေးရွာအုပ်စု၊ ၃၂။ လွယ်ငင်းကျေးရွာအုပ်စု။
၁၆	**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)**	
၁၆	ရေကြည်မြို့နယ် မဲဆန္ဒနယ်	ရေကြည်မြို့နယ်အတွင်းရှိ ၁။ နေဝင်းရပ်ကွက်(ရေကြည်မြို့)၊ ၂။ ဆရာစံရပ်ကွက်(ရေကြည်မြို့)၊ ၃။ အောင်ဆန်းရပ်ကွက် (ရေကြည်မြို့)၊ ၄။ ဗထူးရပ်ကွက်(ရေကြည်မြို့)၊ ၅။ မြို့မရပ်ကွက်(ရေကြည်မြို့)၊ ၆။ ရွှေဆောင်ရပ်ကွက်(ငါးသိုင်းချောင်းမြို့)၊ ၇။ မြို့မရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၈။ ဝဝန်ရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၉။ သောင်တန်း(အောင်ဆန်း)ရပ်ကွက်(ငါးသိုင်းချောင်းမြို့)၊ ၁၀။ မြို့သစ်ရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၁၁။ ရွှေဘိုရပ်ကွက် (ငါးသိုင်းချောင်းမြို့)၊ ၁၂။ အမှတ်(၁)ရပ်ကွက်(အသုတ်မြို့)၊ ၁၃။ အမှတ်(၂)ရပ်ကွက်(အသုတ်မြို့)၊ ၁၄။ အမှတ်(၃)ရပ်ကွက်(အသုတ်မြို့)၊ ၁၅။ အမှတ်(၄)ရပ်ကွက်(အသုတ်မြို့)၊ ၁၆။ အမှတ်(၅)ရပ်ကွက်(အသုတ်မြို့)၊ ၁၇။ အမှတ်(၆)ရပ်ကွက်(အသုတ်မြို့)၊ ၁၈။ ဆီဆုံကုန်းကျေးရွာအုပ်စု၊ ၁၉။ သပန်းဒေါင့်ကျေးရွာအုပ်စု၊ ၂၀။ ကျွဲပဒုတ်ကျေးရွာအုပ်စု၊ ၂၁။ ကညင်ဝကျေးရွာအုပ်စု၊ ၂၂။ ပဒေါက်ချောင်းကျေးရွာအုပ်စု၊ ၂၃။ မရင်းကူးကျေးရွာအုပ်စု၊ ၂၄။ ဇရပ်လှကျေးရွာအုပ်စု၊ ၂၅။ ကျွံမရမ်းကျေးရွာအုပ်စု၊ ၂၆။ တောင်လဟာကျေးရွာအုပ်စု၊ ၂၇။ နတ်စင်ဦးကျေးရွာအုပ်စု၊ ၂၈။ ကျင်းသိုက်ကျေးရွာအုပ်စု၊ ၂၉။ အင်းလျှောကုန်းကျေးရွာအုပ်စု၊ ၃၀။ သဲဒေါင်းကျေးရွာအုပ်စု၊ ၃၁။ ကြာကန်ကျေးရွာအုပ်စု၊ ၃၂။ ရုံးတံကျေးရွာအုပ်စု၊ ၃၃။ ကျားချောင်ကျေးရွာအုပ်စု၊ ၃၄။ တောင်လယ်ကျေးရွာအုပ်စု၊ ၃၅။ တွတ်ပလွတ်ကျေးရွာအုပ်စု၊ ၃၆။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၃၇။ ကျွဲတလင်းကျေးရွာအုပ်စု၊ ၃၈။ ဘုရားဝင်ကျေးရွာအုပ်စု၊ ၃၉။ သခွတ်ကုန်းကျေးရွာအုပ်စု၊ ၄၀။ ဝက်ရုပ်ကျေးရွာအုပ်စု၊ ၄၁။ ရေသိုးကျေးရွာအုပ်စု၊ ၄၂။ ကန်ချောင်းကျေးရွာအုပ်စု၊ ၄၃။ ကွမ်းသီးချောင်းကျေးရွာအုပ်စု၊ ၄၄။ ချောင်းဖျားကျေးရွာအုပ်စု၊ ၄၅။ ဖက်သလက်ကျေးရွာအုပ်စု၊ ၄၆။ ဝါးရုံလဟာကျေးရွာအုပ်စု၊ ၄၇။ ဦးကုန်းကျေးရွာအုပ်စု၊ ၄၈။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၄၉။ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ၅၀။ ဒေါင့်ကြီးဈေးမဒေါ့ကျေးရွာအုပ်စု၊ ၅၁။ နတ်စင်ကွင်းကျေးရွာအုပ်စု၊ ၅၂။ သစ်ငုတ်ထောင်ကျေးရွာအုပ်စု၊ ၅၃။ ကျွဲဖါးရိုးကျေးရွာအုပ်စု၊ ၅၄။ ညောင်ဝွလက်ခုတ်ကျေးရွာအုပ်စု၊ ၅၅။ တိုက်စွန်းအောက်အင်းကျေးရွာအုပ်စု၊ ၅၆။ ထန်းကျွန်းဆိပ်သာကျေးရွာအုပ်စု၊ ၅၇။ သရက်ကုန်းကျေးရွာအုပ်စု၊ ၅၈။ ဝက်လာကျေးရွာအုပ်စု၊ ၅၉။ ယိုးဒယားဒက်ကျေးရွာအုပ်စု၊ ၆၀။ ကိုင်းချောင်ကျေးရွာအုပ်စု၊ ၆၁။ ဆပ်ကြင်းကျေးရွာအုပ်စု၊ ၆၂။ နွားရေတိုက်ကျေးရွာအုပ်စု၊ ၆၃။ အကယ်ကြီးကြို့ကုန်းကျေးရွာအုပ်စု၊ ၆၄။ နောကုန်းကျေးရွာအုပ်စု၊ ၆၅။ မကြီးလဟာကျေးရွာအုပ်စု၊ ၆၆။ ကွင်းကြီးကျေးရွာအုပ်စု၊ ၆၇။ ပန်းဇံကွင်းကျေးရွာအုပ်စု၊ ၆၈။ ဘွဲ့ငူကျေးရွာအုပ်စု၊ ၆၉။ ကညင်ငူကျေးရွာအုပ်စု၊ ၇၀။ ရင်းရှည်ကျေးရွာအုပ်စု၊ ၇၁။ သစ်ဖြူပင်ကျေးရွာအုပ်စု၊ ၇၂။ မျက်တိုကျေးရွာအုပ်စု၊ ၇၃။ ကုန်းပြင်ကျေးရွာအုပ်စု၊ ၇၄။ မိသလင်ကျေးရွာအုပ်စု၊ ၇၅။ ငွေးတောက်ကျေးရွာအုပ်စု၊ ၇၆။ သောင်ကြီးကျေးရွာအုပ်စု၊ ၇၇။ မြစ်ဆယ်ကျေးရွာအုပ်စု၊ ၇၈။ မအူကုန်းကျေးရွာအုပ်စု၊ ၇၉။ ဒေါင့်ကြီးဘက်ကျေးရွာအုပ်စု၊ ၈၀။ သရက်ချောင်းကျေးရွာအုပ်စု၊ ၈၁။ ကွင်းချောင်းကျေးရွာအုပ်စု၊ ၈၂။ ကွင်းလျားကျေးရွာအုပ်စု၊ ၈၃။ ဘုရားကုန်းကျေးရွာအုပ်စု၊ ၈၄။ ကမ်းနီကျေးရွာအုပ်စု၊ ၈၅။ ကွင်းပေါက်ကျေးရွာအုပ်စု၊ ၈၆။ ညောင်မှော်ကျေးရွာအုပ်စု၊ ၈၇။ကဏ္ဍူလေးကျေးရွာအုပ်စု၊ ၈၈။ ကျောက်ချောင်းကျေးရွာအုပ်စု၊ ၈၉။ ဒေါင့်ကြီးကျေးရွာအုပ်စု၊ ၉၀။ ရေနံ့သာကျေးရွာအုပ်စု၊ ၉၁။ ဘုတ်ချောင်းကျေးရွာအုပ်စု၊ ၉၂။ ကျပ်ကွင်းကျေးရွာအုပ်စု။	

နိုင်ငံတကာ အားကစား သတင်းများ

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Carlos Alcaraz တက်ရောက်

ပါရီ နိုင်ဘာ ၅

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင် အမေရိကန်တင်းနစ်ကစားသမား Alex Michelsen အား ၇-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အီတလီတင်းနစ်ကစားသမား Matteo Berrettini တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ယာဝုံ) (NGB)



* - * - * - * - * - * - *

မန်စီးတီးအသင်းက လိုက်ပဇစ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ



လန်ဒန် နိုင်ဘာ ၅

ဥရောပချန်ပီယံလိဂ် ဘော်လုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်စီးတီးအသင်းနှင့် လိုက်ပဇစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက လိုက်ပဇစ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် အန်ဒရိဖာနန်ဒက်ဇ်၊ ပွဲချိန် ၇၈ မိနစ်တွင် ဟာလန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းသည် ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၅ ရက်တွင် နာပိုလီအသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အေပေါ်ပုံ) (NGB)

လူးကပ်စ်ဘတ်ဂ်ဗဲလ် စပါးအသင်းတွင် ဆက်ရှိသွားမည်

လန်ဒန် နိုင်ဘာ ၅

ကွင်းလယ်ကစားသမား လူးကပ်စ်ဘတ်ဂ်ဗဲလ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာ ဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း စပါးအသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။ **(အောက်ပုံ)**

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် နာပိုလီအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက စပါးအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



ကွင်းလယ် ကစားသမား လူးကပ်စ်ဘတ်ဂ်ဗဲလ်သည် စပါးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

စပါးအသင်း၏ ထုတ်ပြန်ချက်တွင် "လူးကပ်စ်ဘတ်ဂ်ဗဲလ် အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ဦးပါ" ဟု ထုတ်ပြန်သည်။ **(NGB)**

ကယ်လ်ဗင်ယိဘိုအာကို ခေါ်ယူရန် အဲဗာတန်အသင်း စိတ်ဝင်စား



လန်ဒန် နိုင်ဘာ ၅

ပရီးမီးယားလိဂ်ကလပ် အဲဗာတန်အသင်းသည် မေဂျာလိဂ်ကလပ် မင်နီဆိုတာယူနိုက်တက် အသင်း တိုက်စစ်မှူး ကယ်လ်ဗင်ယိဘိုအာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မင်နီဆိုတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲစုံ ပွဲ ၇၀ကစားကာ ၃၄ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကယ်လ်ဗင်ယိဘိုအာ ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် ဆောင်းရာသီစေ့းကွက်အတွင်းတွင် မင်နီဆိုတာယူနိုက်တက်အသင်းထံမှ ကယ်လ်ဗင်ယိဘိုအာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

ဘောလုံးသတင်းအတိုအထွာများ

* အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး မက်ဆီ၏ ဂျာစီသည် ၂၀၂၆ ခုနှစ်အတွင်း အရောင်းရဆုံး မေဂျာလိဂ်ဂျာစီစာရင်းတွင် ထိပ်ဆုံး နေရာ၌ ရပ်တည်ခဲ့သည်။

* ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်း နောက်ခံကစားသမား ပီယာရိုဟင်ကာဝီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ယူအသင်း လူငယ်ကစားသမား ဂျေဂျေကါဘရီရယ်ကို ခေါ်ယူရန် နှုတ်အားဖြင့် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

အင်္ဂလိပ်ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၇-၁၁-၂၀၂၆ နံနက် ၀း၃၀ နာရီ	အဲဗာတန် - ကိုဗင်ထရီ	————

စပိန်လာလိဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၇-၁၁-၂၀၂၆ နံနက် ၀း၃၀ နာရီ	ဆီဗီလာ - အလာဗက်စ်	ဆီဗီလာ ၁-၁ အလာဗက်စ် အလာဗက်စ် ၁-၂ ဆီဗီလာ

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၇-၁၁-၂၀၂၆ နံနက် ၀း၁၅ နာရီ	တူးလောဇ် - စထာရာဘော့စ်	တူးလောဇ် ၁-၀ စထာရာဘော့စ် စထာရာဘော့စ် ၁-၂ တူးလောဇ်

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၇-၁၁-၂၀၂၆ နံနက် ၀း၁၅ နာရီ	ဝင်နီဇီယာ - အူဒီးနိစ်	ဝင်နီဇီယာ ၃-၂ အူဒီးနိစ် အူဒီးနိစ် ၃-၂ ဝင်နီဇီယာ

ဂျာမန်ဘွန်ဒက်လိဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၇-၁၁-၂၀၂၆ နံနက် ၀း၀၀ နာရီ	ဟမ်းဘတ် - မိုချန်ဂလာဘတ်	ဟမ်းဘတ် ၀-၀ မိုချန်ဂလာဘတ် မိုချန်ဂလာဘတ် ၀-၀ ဟမ်းဘတ်

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၇-၁၁-၂၀၂၆ နံနက် ၀း၃၀ နာရီ	ဒါဘီ - ဘော်လ်တန်	ဒါဘီ ၄-၀ ဘော်လ်တန် ဘော်လ်တန် ၁-၀ ဒါဘီ

နည်းပြ စကော့ပါကားကို နည်းပြသစ်အဖြစ် ဝက်စ်ဟမ်းအသင်းခန့်အပ်

လန်ဒန် နိုင်ဘာ ၅

ဝက်စ်ဟမ်းအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ စကော့ပါကားကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နည်းပြသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၉ ခုနှစ် အထိစာချုပ်ချုပ်ဆိုခဲ့သည်။ နည်းပြ စကော့ပါကားသည် နည်းပြဘဝ တစ်လျှောက်တွင် ဖူလ်ဟမ်၊ ဘုန်းမောက်၊ ဘန်လေ၊ ကလပ် ဘရူဂေး စသည့် ကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အသက်(၄၆)နှစ်အရွယ်ရှိ နည်းပြ စကော့ပါကား အနေဖြင့် ဝက်စ်ဟမ်းအသင်းနှင့် အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲဝုံ) (NGB)**

နည်းပြ ယာယာတိုရေး ဆလိုဗန်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

လန်ဒန် နိုင်ဘာ ၅

ဆလိုဗန်အသင်းသည် လက်ရှိအချိန် ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြ ယာယာတိုရေးကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဆလိုဗန်အသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်တွင် လေးပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ခြင်းကြောင့် နည်းပြ ယာယာတိုရေးကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ယာယာတိုရေးသည် ဆလိုဗန်အသင်းကို ၂၀၂၆ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၅ပွဲတွင် ၁၄ပွဲနိုင်၊ ၅ ပွဲသရေ၊ ၆ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ယာယာတိုရေးအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဆလိုဗန်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)

* - * - * - * - * - * - * - * - *

စဉ့်ကိုင်မြို့နယ် ဒုဋ္ဌဝတီမြစ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများတွင် ဆိုလာစနစ်များ အားဖြည့်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ပေါ်ရှိ ရွှေလှဖိုလ်နှင့် ရွာသာယာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆိုလာစနစ်များ အားဖြည့်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးသည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ တာဝန်ရှိသူများလိုက်ပါပြီး အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးရာ မူလတပ်ဆင်ပြီးဖြစ်သော ဆိုလာစနစ် ၅၉၆ KW တပ်ဆင်သုံးစွဲမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရွှေလှဖိုလ်တွင် တပ်ဆင်မည့် ၂၅၇ KW ဆိုလာစနစ်အတွက် လုပ်ငန်းများဆောင်ရွက်မှုနှင့် တပ်ဆင်မည့် ဆိုလာပစ္စည်းများ ရောက်ရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အရည် အသွေးစံချိန် စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း





အချိန်မီပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ရွှေလှဖိုလ်ကျေးရွာအနီးရှိ ရွှေလှဖိုလ်ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကိုကြည့်ရှုပြီး တာဝန်ရှိသူများက မိုးစပါး အောင်ရေပေးဝေပြီးခါနိုးတွင် ရွှေလှဖိုလ်မြစ်ရေတင်မှတစ်ဆင့် ကန်အတွင်းသို့ ရေဖြည့်သွင်းပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများတွင် ဆိုလာစနစ်များ ထပ်မံအားဖြည့်တပ်ဆင်ပေးမှုကြောင့် လာမည့်နွေရာသီကာလတွင် ရေသောက်ဧရိယာရှိ စိုက်ပျိုးဧကများသို့ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်းနှင့် ရွှေလှဖိုလ်ကန်သို့လည်း ရေလုံလောက်စွာ ဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုတ်ဘလောက်ရိုက်နည်း သင်တန်းဖွင့်လှစ်

မိုင်းယန်း နိုဝင်ဘာ ၅

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအုတ်ဘလောက်ရိုက်နည်းသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မိုင်းယန်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးတင်ဝင်းက အမှာစကားပြောကြားကာ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအုတ်ဘလောက်ရိုက်နည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအုတ် ဘလောက်ရိုက်နည်းသင်တန်းကို မိုင်းယန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာများက အုတ်ဘလောက်ရိုက်နည်း သင်တန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ရက်ကြာ စာတွေ့ လက်တွေ့အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောသည်။

အောင်ရဲကျော်(ကျေးလက်)

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

ဧမ္မာသီရိ နိုဝင်ဘာ ၅

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဧမ္မာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွာတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ ဧမ္မာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်နှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးအတွက် ကော်မတီဝင်များနှင့် အတူ ရွာတောကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ရွာတောကျေးရွာ၌ အရည်ပေ ၂၀၀၊ အကျယ် ၁၀ ပေ၊ ထု ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၈၈ သန်းဖြင့် ဧမ္မာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ တတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)



သံသာ(ကျေးလက်)

o-o-o-o-o-o-o



ကျောင်းရှေ့ ရေမြောင်းနှတ်ဆယ်ယူခြင်းဆောင်ရွက်

မူဆယ် နိုဝင်ဘာ ၅

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ယနေ့ နံနက် ၈း၀၀ နာရီတွင် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အမက(၄)(မူလွန်) ကျောင်းရှေ့ရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေး၊ မိုးရွာသွန်းလျှင် ရေလျှံမှုမရှိစေရေး၊ ရေမြောင်းများမှ အနံ့ဆိုးများနှင့် အညစ်အကြေးများ မရှိစေရန်အတွက် ရေမြောင်းထဲမှ အမှိုက်များ ဆယ်ယူခြင်း၊ နှုန်းမြေများ ဆယ်ယူခြင်း၊ ရေမြောင်းများအတွင်းရှိ ရွံ့ပုပ်အညစ်အကြေး များကို မီးသတ်ကားဖြင့် ဆေးကြောခြင်း လုပ်ငန်းများကို ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အဆိုပါ လုပ်ငန်းအား မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွဋ်တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန၊ သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းအင်အား(၂၀)ဦး၊ သန့်ရှင်းရေးယာဉ်တစ်စီး၊ မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် ရေမြောင်းဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်ပံကျေးရွာအုပ်စု၊ ဘိုးနေဒွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ဘိုးနေဒွန်းကျေးရွာ၌ ကျေးရွာမြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေများဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု တို့ကို လည်းကောင်း၊ ချေးငွေ စာချုပ်လပါအတိုင်း အမှန်တကယ်လုပ်ငန်းများ ဆောင်ရွက်မှု ရှိ၊ မရှိများကိုလည်းကောင်း၊ လအလိုက် စာရင်းဇယားများ ပုံမှန်ရေးသားဖြည့်သွင်းမှု ရှိ၊ မရှိများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဘိုးနေဒွန်းကျေးရွာ၌ စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်ကြသူ အသင်းသူ၊ အသင်းသား ၈၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၈၂ သိန်းကို ထုတ်ချေးပေးထားကြောင်းနှင့် ၄င်းချေးငွေများဖြင့် စီမံကိန်းလုပ်ငန်းများအား ပုံမှန်လည်ပတ်ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

သော်ဇင်ထူး(ကျေးလက်)

နောင်ချိုတိမ်ပင်လယ်ရာသီ စတင်ရောက်ရှိလာ၊ ဇန်နဝါရီလလယ်အထိ လာရောက်လည်ပတ်နိုင်

မန္တလေး နိုဝင်ဘာ ၅

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့ရှိ တိမ်ပင်လယ်ကို နိုဝင်ဘာလမှစတင်၍ မြင်တွေ့နိုင်ပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလလယ် အထိ လာရောက်ကြည့်ရှုနိုင်သည်။

နောင်ချိုမြို့သည် သဘာဝအလျောက် တိမ်များ ရစ်သိုင်းဝိုင်းဖွဲ့နေသည့် မြို့တစ်မြို့ဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံသည့် ဒေသတစ်ခုလည်းဖြစ်သည်။ လက်ရှိတွင် မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည့် အတွက် လိုအပ်ချက်အချို့ရှိနေသေးသည်။

ပြင်ဦးလွင်မြို့မှ နောင်ချိုမြို့ထိ ၃၆ မိုင်ခန့်ရှိပြီး ကားဖြင့် ၄၅ မိနစ်ခန့် မောင်းနှင်ရကာ နောင်ချိုမြို့မှ တိမ်ပင်လယ်စခန်းများရှိရာ နောင်ချိုကြီးကျေးရွာသို့ ၁၆ မိုင်ခန့် ထပ်မံသွားရပြီး ကားမောင်းချိန် ၄၅ မိနစ်ခန့် ကြာမြင့်သည်။



နောင်ချိုတိမ်ပင်လယ်သို့ သွားရောက်နိုင်သည့် လမ်းကြောင်းသုံးခုရှိပြီး ဂုတ်ထိပ်-ကသဲမြောင်ရွာ-ရွှေသွန်းရွာ-နောင်ချိုကြီးရွာလမ်း၊ နောင်ချို-သရက်ကုန်းရွာ-ဥာဏ်တောရွာ-ရွှေသွန်းရွာ-နောင်ချိုကြီးရွာလမ်းနှင့် နောင်ချို-ကဲကြီး-ရေဖြူ-နောင်ချိုကြီး လမ်းတို့ဖြစ်သည်။

အဆိုပါလမ်းကြောင်းများအနက် နောင်ချို-သရက်ကုန်း-ဥာဏ်တော-ရွှေသွန်း-နောင်ချိုကြီးကျေးရွာချင်းဆက်လမ်းသည် သွားလာရန် အဆင်ပြေဆုံးဖြစ်ကြောင်း၊ နောင်ချိုမြို့မှ လမ်းညွှန်မြေပုံအသုံးပြုပါက တစ်ခါတစ်ရံ တတိယလမ်းကြောင်းကို ညွှန်ပြတတ်ပြီး ယင်းလမ်းမှာ လေးဘီးယက်ကား(4x4) မဟုတ်ပါက သွားလာရန် အခက်အခဲရှိနိုင်ကြောင်း တိမ်ပင်လယ်စခန်းတာဝန်ရှိသူ ဦးစက်ကြီးက ပြောသည်။

လက်ရှိတွင် နောင်ချိုတိမ်ပင်လယ်၌ Win Villa နှင့် Cloudy Villa ဟူ၍ အပန်းဖြေစခန်းနှစ်ခု ဖွင့်လှစ်ထားပြီး Win Villa သည် ဟိုတယ်အဆင့် ဝန်ဆောင်မှုပေးသည့် စခန်းဖြစ်ကာ Cloudy Villa သည် Camping Site ပုံစံဖြင့် ဖွင့်လှစ်ထားသည်။

တိမ်ပင်လယ်ရာသီ ရောက်ရှိလာပြီ ဖြစ်သည့်အတွက် အအေးဒဏ်ကို မနှစ်သက်သူများအနေဖြင့်လည်း ယခုကာလတွင် လာရောက်လည်ပတ်ရန် ပိုမိုအဆင်ပြေနိုင်ပြီး သဘာဝပတ်ဝန်းကျင်အတွင်း အပန်းဖြေလိုသူများအတွက်လည်း လာရောက်လည်ပတ်နိုင်ကြောင်း သိရသည်။ **(ဝဲပုံ)**

ရွှေမန်း



နေပြည်တော်တန်ဆောင်တိုင် ဓာတ်ပုံပြိုင်ပွဲ ပထမဆု ငွေကျပ်သိန်း ၅၀ ချီးမြှင့်မည်

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော်တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို ပညာရှင်၊ ဝါသနာရှင်နှင့် လူငယ်ကျောင်းသားအဆင့် သုံးမျိုးခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပညာရှင်အဆင့် ပထမဆုရရှိသူကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း နေပြည်တော်ကောင်စီမှ အသိပေးထုတ်ပြန်ထားသည်။

အဆိုပါပြိုင်ပွဲကို 'မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် တန်ဆောင်တိုင်ပွဲတော်'၊ 'နေပြည်တော်တန်ဆောင်တိုင်ပွဲတော်နှင့် မြန်မာ့အလှ' ဟူသည့် ခေါင်းစဉ်နှစ်ခုဖြင့် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့် (Professional၊ Open)၊ ဝါသနာရှင်အဆင့် (Camera၊ Phone Photography)နှင့် လူငယ်နှင့် ကျောင်းသားအဆင့် (Youth Photography) ဟူ၍ အဆင့်သုံးမျိုး သတ်မှတ်ထားပြီး စိတ်ပါဝင်စားသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ဆုကြေးငွေများအနေဖြင့် ပညာရှင်အဆင့်တွင် ပထမဆုကျပ်သိန်း ၅၀၊ ဒုတိယဆုကျပ်သိန်း ၄၀၊ တတိယဆုကျပ်သိန်း ၃၀၊ စတုတ္ထဆုကျပ်သိန်း ၂၀၊ ပဉ္စမဆု ငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် ဝါသနာရှင်အဆင့်နှင့် လူငယ်ကျောင်းသားအဆင့် တို့တွင်လည်း သတ်မှတ်ထားသည့် ဆုအမျိုးအစားအလိုက် ဆုကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုဝင်ဘာ ၂၅ ရက် မှ ၃၀ ရက်အထိ ပေးပို့နိုင်ပြီး အသေးစိတ်စည်းကမ်းချက်များကို Nay Pyi Taw Council Face book Page၊ NPTDC Face book Page နှင့် NPTDC Web Portal တို့တွင် ကြည့်ရှုနိုင်သည်။

ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသူများအနေဖြင့် နေပြည်တော်ကောင်စီရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း ထုတ်ပြန်ထားသည်။ **(မန္တလေးနေ့စဉ်-၆)**

အမြင့်ဆုံးဆုကြေးငွေ ကျပ်သိန်း ၅၀ ချီးမြှင့်မည့် Manulife Sepaktakraw Challenge Cup 2026 ပြိုင်ပွဲ ဒီဇင်ဘာ ၈ ရက်တွင် စတင်မည်

ရန်ကုန် နိုဝင်ဘာ ၅

အမြင့်ဆုံး ဆုကြေးငွေ ကျပ်သိန်း ၅၀ အထိ ချီးမြှင့်မည့် Manulife Sepaktakraw Challenge Cup 2026 ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ့ပိုက်ကျော်ခြင်းအားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် အလွတ်တန်းအမျိုးသား နှစ်ယောက်တွဲ၊ အသက် ၂၅ နှစ်အောက် အမျိုးသားလေးယောက်တွဲနှင့် အမျိုးသမီးသုံးယောက်တွဲ၊ ပြိုင်ပွဲအမျိုးအစားသုံးမျိုး ပါဝင်မည်ဖြစ်ပြီး အုပ်စုပတ်လည်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ၊ ဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အလွတ်တန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆု ကျပ်သိန်း ၂၀၊ စတုတ္ထဆု ငွေကျပ် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်သည်။

အသက် ၂၅ နှစ်အောက် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၃၅ သိန်း၊ ဒုတိယဆု ကျပ်သိန်း ၂၀၊ တတိယဆုငွေကျပ် ၁၀ သိန်းနှင့် စတုတ္ထဆု ငွေကျပ် ၀၁ သိန်း ချီးမြှင့်မည်ဖြစ်သည်။

အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀ နှင့်ပူးတွဲတတိယဆုနှစ်ဆုအတွက် ကျပ်ငါးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲများကို သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားလေ့ကျင့်ရေးရုံနှင့် ကမာရွတ်မြို့နယ်ရှိ Junction Square တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် ဦးညွှန့်မြိုင်၊ ဖုန်း ၀၉-၅၁၅၇၇၁၈၊ ဦးထက်ဇော် ဖုန်း ၀၉-၂၀၃၀၀၉၆၆၉၀ တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



ပြည်ပထွက်ခွာမည့် မြန်မာနိုင်ငံသားများ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၅၀၀ အထိ ဝယ်ယူနိုင်

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ပသို့ ထွက်ခွာမည့် မြန်မာနိုင်ငံသားများအနေဖြင့် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၅၀၀ အထိ သို့မဟုတ် ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေသားများကို ဝယ်ယူနိုင်မည်ဖြစ်ပြီး တစ်ဒေါ်လာလျှင် ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်သည့် FX Market Online Trading Rate အပေါ် ၁၀ ကျပ် ထပ်ဆောင်းထားသည့် နှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးထားသည်။

ပြည်ပသို့ ထွက်ခွာမည့် မြန်မာနိုင်ငံသားများအား နိုင်ငံခြားငွေသားကို အလွယ်တကူ ဝယ်ယူနိုင်စေရန်နှင့် တရားမဝင်ငွေလဲလှယ်သူများ၏ ဈေးကစားမှုကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ရန် ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် နိုင်ငံခြားငွေလဲလှယ်ခွင့် (AD) လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် နိုင်ငံခြားငွေသားများ ရောင်းချပေးနေခြင်း ဖြစ်ကြောင်း ဗဟိုဘဏ်က နိုဝင်ဘာ ၃ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ အစီအစဉ်အရ ပြည်ပသို့ အလုပ်လုပ်ကိုင်ရန်၊ ဆေးကုသရန်၊ ပညာသင်ကြားရန်နှင့် ဘုရားဖူးသွားရောက်ရန် ထွက်ခွာမည့်သူများအပြင် ပြည်ပနိုင်ငံအစိုးရများ သို့မဟုတ် အသင်းအဖွဲ့များ၏ ဖိတ်ကြားချက်အရ အစည်းအဝေး တက်ရောက်ရန် သွားရောက်မည့် သူများကိုလည်း နိုင်ငံခြားငွေသား ရောင်းချပေးမည်ဖြစ်သည်။

တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၅၀၀ ခန့်အထိ သို့မဟုတ် ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေသားကို ဝယ်ယူနိုင်မည်ဖြစ်ပြီး ရောင်းချမည့်ငွေလဲနှုန်းမှာ ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်သည့် FX Market Online Trading Rate အပေါ် မြန်မာကျပ်ငွေ ၁၀ ကျပ် ထပ်ဆောင်းထားသည့် နှုန်းထားဖြစ်သည်။

နိုင်ငံခြားငွေသား ဝယ်ယူနိုင်မည့် AD လိုင်စင်ရဘဏ်များနှင့် Money Changer လိုင်စင်ရကုမ္ပဏီများ၏ကောင်တာစာရင်းနှင့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဘဏ်နှင့် ကုမ္ပဏီများ၏ ဝက်ဘ်ဆိုက်များ၊ Facebook စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ထို့ပြင် အလုပ်သမားဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်ပသို့ အလုပ် လုပ်ကိုင်ရန် သွားရောက်မည့်သူများအတွက် လေယာဉ်လက်မှတ်ကုန်ကျစရိတ်ကိုလည်း FX Online Trading စနစ်မှ တစ်ဆင့် နိုင်ငံခြားငွေဝယ်ယူနိုင်ရန် ဗဟိုဘဏ်မှ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း

o-o-o-o-o



ရိုးရာကထိန်ပွဲ ဆင်နွှဲကြ ပျော်ပျော်ရွှင်

အေးအေးခိုင် (ပညာရေး)



ကထိန်သင်္ကန်းလှူဒါန်းခြင်းကို ယခု ဘဒ္ဒကမ္ဘာမတိုင်မီ ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်က စတင်ခဲ့တယ်လို့ မှတ်သားရပါတယ်။

ဘဒ္ဒကမ္ဘာတွင် ဗုဒ္ဓဘုရား ငါးဆူပွင့်တော်မူမည်ဖြစ်ရာ ယခု လေးဆူမြောက် ဂေါတမဘုရား ရဲ့ သာသနာတော် အချိန်ကာလအတွင်း ကထိန်ခင်းခွင့်ရခဲ့ကြတဲ့ ဗုဒ္ဓဘာသာဝင်များက အလွန်ကံကောင်းသူများလို့ ဆိုနိုင်ပါတယ်။

မိုးလည်း မမည်၊ ဆောင်းလည်း မပီသေးတဲ့ တန်ဆောင်မုန်းလဟာ မိုးကြွင်းမိုးကျန်နဲ့အတူ ဆောင်းအဦးအစ တွေ့ရလို့ ရာသီဥတု သာယာလှပါပေတယ်။ မြန်မာ့ ၁၂ လမှာ အဋ္ဌမမြောက် လဖြစ်ပြီး ရက်ပေါင်း ၃၀ အပြည့်ရှိလို့ ရက်စုံလ လို့ ခေါ်ပါတယ်။ ရာသီအားဖြင့် ဗြိစ္ဆာရာသီ၊ ရာသီရုပ်မှာ ကင်းဦးကောက် ဖြစ်ပါတယ်။ ရာသီပွဲဟာ ကထိန်ပွဲဖြစ်ပြီး ရာသီပန်းဟာ ခဲပန်း ဖြစ်ပါတယ်။ ကြယ်တိကာနှင့်စန်းယှဉ်သော ကာလလည်း ဖြစ်ပါတယ်။

သမ္မဉ္ဇာတဘုရားရှင်ဟာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ် ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ္ဂိညီနောင်သုံးကျိပ် တို့ဟာ ဘုရားရှင်ကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ ကြွလာကြပါတယ်။ ဝါဆိုရန် နီးကပ်နေပြီဖြစ်လို့ ဇေတဝန်ကျောင်းသို့ ဝါဆိုအမီ မရောက်နိုင်တာကြောင့် သာကေတမြို့မှာပဲ ဝါဆိုကြရပါတယ်။ သီတင်းကျွတ်ပြီးမှ သာကေတမြို့နဲ့ ခြောက်ယူဇနာ ၇၈ မိုင် ဝေးကွာတဲ့ သာဝတ္ထိမြို့သို့ ခရီးဆက်ကြရပါတယ်။ ၇၈ မိုင်ခရီးက ရွှံညွန်ဖွက်ချောင်းမြောင်းများ အလွန်ပေါများပြီး ကြမ်းတမ်းတဲ့ခရီး ဖြစ်ပါတယ်။ ရေစိုနေတဲ့ သင်္ကန်းတို့နဲ့ ရွှံနွံတွေ ပေကျံစွာ ပင်ပန်းဆင်းရဲခြင်းများစွာဖြင့် သွားလာခဲ့ကြရပါတယ်။ ဘုရားရှင်ထံပါး ရောက်တဲ့အခါ ပင်ပန်းခွန်အံ့နယ်နေတဲ့ ရဟန်းတော်များကို ကြည့်ရှုတော်မူလျက် တိစီဝရိတ်ခူတင်ဆောင် ရဟန်းတော်များ မပင်ပန်းဘဲ ချမ်းသာကြစေရန် ငါးပါးသော အကျိုးတို့ကို တပေါင်းလပြည့်နေ့ထိ ခံစားနိုင်ကြစေရန် ရှေးရှေး ဘုရားရှင်တို့ မိန့်မှာခွင့်ပြုတော်မူခဲ့တဲ့အတိုင်း ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့ပါတယ်။ 'အနုဇာနာမိ ဘိက္ခဝေ ဝုဋ္ဌာနံ ဘိက္ခုနံ ကထိနံ အတ္ထာရိတုံ' ရဟန်းတို့ ပုရိမဝါမှ ထကုန်သော ရဟန်းတော်တို့အား ကထိန်ခင်းခြင်းငှာ ငါဘုရား ခွင့်ပြုတော်မူသည်ဆိုတဲ့ ဘုရားရဲ့ ဗျာဒိတ်စကား အရ ကထိန်ခင်းရတဲ့ကာလဟာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ဖြစ်သည်။

'ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်' ဆိုတဲ့ ဆိုရိုးစကားအရ အမြတ်ဆုံး သင်္ကန်းလှူမှုတွင် ကထိန်သင်္ကန်း လှူဒါန်းခြင်းသည် အမြတ်ဆုံးဖြစ်ပါတယ်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင် တစ်ကျောင်းသာ သတ်မှတ်ချက်များနဲ့ လှူရတဲ့ 'ကာလ ဒါန' မျိုး ဖြစ်သည်။

ကထိန်ခင်းတဲ့ ရဟန်းတော်က တရားနှင့် လျော်ညီတဲ့ ကထိန်ခြင်းဖြစ်ကြောင်း၊ ဝမ်းမြောက်တော်မူကြပါစေကြောင်း နူတ်ဖြင့် ပြောဆိုကာ ကထိန်ခင်းတဲ့အခါ ရဟန်းများက ဝမ်းမြောက်စကား 'အနုမောဒနာ' ခေါ်ဆိုကြပါတယ်။ 'အနုမောဒနာ' ခေါ်ဆိုကြတဲ့ ရဟန်းတော်များအားလုံး ကထိန်ခင်းတဲ့ ရဟန်းတော်နဲ့အတူ ကထိန်အာနိသင်ငါးပါးကို ခံစားရရှိကြပါတယ်။ ယင်းငါးပါးမှာ -

(၁) အနုမန္ဒစာရ - ဆွမ်းစားဖိတ်ထားတဲ့ ဒါယကာရှိလျက် အနီးရှိ ရဟန်းအား လျှောက်ထားပန်ကြားခြင်းမရှိဘဲ ဆွမ်းစားမဖိတ်တဲ့ ဒါယကာအိမ်သို့ သွားနိုင်ခြင်း။

(၂) အသမာဒါနစာရ - အခိုင်္ဂာန်တင်ပြီးတဲ့ သင်္ကန်းသုံးထည်တို့မှာ တစ်ထည်တည်းသော သင်္ကန်းကို မယူဘဲ သွားနိုင်ခြင်း။

(၃) ဂဏဘောဇန - ဒါယကာတို့က မလျော်တဲ့ စကားနဲ့ ပင့်ဖိတ်တဲ့ ဆွမ်းကို ရဟန်းလေးပါးနှင့်ဖြစ်စေ၊ လေးပါးထက်ပို၍ဖြစ်စေ ဝိုင်းဖွဲ့ စားသောက်နိုင်ခြင်း။

(၄) ယာဝဒတ္ထစီဝရ- အလိုရှိသလောက် သင်္ကန်းတို့ကို အခိုင်္ဂာန်မတင်၊ ဝိကပ္ပနာလည်း မပြုလုပ်ဘဲ ထားရှိနိုင်ခြင်း။

(၅) ယာဒဇ္ဇာစီဝရုပ္ပါဒ - ကထိန်ခင်းတဲ့ ကျောင်းပေါ်မှာမှ ဖြစ်ပေါ်လာသမျှသော သင်္ကန်းများကို အညီအမျှ ခွဲဝေယူနိုင်ခြင်းတို့ ဖြစ်ပါတယ်။

အထက်ပါ အာနိသင်ငါးပါးဟာ ဝိနည်းသိက္ခာပုဒ်အချို့ကို လျှော့ချပေးခြင်းဖြစ်သလို ကထိန်ခင်းတဲ့ သံဃာဟာ သာသနာ့ဝန်ကို ထမ်းရာမှာ ပေါ့ပါးပြီး သက်သာခွင့်ရရှိနိုင်ကြပါတယ်။

ကထိန်သင်္ကန်းလှူဒါန်းကြတဲ့ ပုဂ္ဂိုလ်တွေ အတွက် ရရှိနိုင်တဲ့ အကျိုးငါးပါးမှာ -

(၁) ခရီးသွားလာရာမှာ အပိတ်အပင် အဘား အဆီးများ ကင်းဝေးပြီး ဘေးရန်အန္တရာယ်အပေါင်းမှ အေးချမ်းစွာ ကျော်လွှားနိုင်ခြင်း။

(၂) ရှာဖွေထားသော ပစ္စည်းဥစ္စာများ ဘေးမသီရန်မခ ရန်ငါးဖြာမှ ကင်းဝေးစေနိုင်ခြင်း။

(၃) ကောင်းမွန်သော အစားအသောက်များကို စားသုံးရခြင်း၊ အဆိပ်ကိုပင် စားသုံးမိသော်လည်း အစာအဆိပ်မသင့်ခြင်း။

(၄) မိမိပိုင်ပစ္စည်းဥစ္စာများ ပျောက်ပျက်ပျက်စီးမှု မရှိခြင်း။

(၅) လက်ဝယ်ရရှိထားတဲ့ စီးပွားဥစ္စာများကို မိမိက မပေးဘဲ မယူနိုင်ခြင်းနှင့် နောက်ဆုံးဘဝမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း စတဲ့ အကျိုးငါးပါးကို ရရှိခံစားရမှာဖြစ်ပါတယ်။

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဓမ္မိန္ဒ (အဂ္ဂမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဘဒ္ဒန္တနေမိန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက)တို့ရဲ့ ဩဝါဒနဲ့ ဖွဲ့စည်းထားတဲ့ နယ်စပ်တောင်တန်းနဲ့ ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းသည် ၂၀၀၈ ခုနှစ်မှစပြီး ကထိန်ခင်းခဲ့တာ ယခု ၂၀၂၆ ခုနှစ်ဆိုရင် ၁၉ နှစ် ရှိပါပြီ။ ဗုဒ္ဓဘာသာဝင်နည်းပါးပြီး ဘာသာစကား အခက်အခဲ၊ ဆက်သွယ်သွားလာနေထိုင်စားသောက်ရေး အခက်အခဲတွေကြားမှာ အသက်ကို ပဓာနမထားဘဲ သာသနာ့ပြုနေကြတဲ့ ရဟန်းတော်များအတွက် ကထိန်ခင်းနိုင်မှုနည်းပါးပါတယ်။ ဝိနည်းတော်နှင့်အညီ သီတင်းသုံးနိုင်စေရန် ရည်ရွယ်လျက် ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းနှင့် ဆက်သွယ်လှူဒါန်းမှုရှိတဲ့ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသရှိ သာသနာ့ပြု ၁၅၃ ကျောင်းအတွက် (၁၉)ကြိမ်မြောက် စုပေါင်းမဟာကထိန်ပွဲမှာ ကထိန်နဲ့ ဆက်စပ်တဲ့ လှူဖွယ်များ လှူဒါန်းမှာ ဖြစ်ပါတယ်။ ယခု ၂၀၂၆ ခုနှစ် ကထိန်ရာသီမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းအရှေ့၊ ရှမ်းတောင်၊ ရှမ်းမြောက်၊ နာဂတောင်တန်း၊ ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်နှင့် တနင်္သာရီရှိ ကျောင်းများသို့ ပေးပို့လှူဒါန်းမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ရှိ သာသနာ့ပြုကျောင်းများသို့ ပေးပို့လှူဒါန်းရန် အခက်အခဲရှိလို့ ကျောင်းပေါင်း ၁၉၇ ကျောင်းကို ချန်လှပ်ထားခဲ့ရပါတယ်။

အသင်းအနေနဲ့ ပထမဆုံးကထိန်ကို ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၁၉မှ နိုဝင်ဘာ ၂၆ရက်အထိ သာသနာ့ပြု ခရီးသည်များ လိုက်ပါပြီး ချင်းပြည်နယ်၊ ဟားခါးမြို့၊ ချုံကျုံးကျေးရွာမှ ကျောင်းပေါင်း(၁၀၁၀) အတွက် ကထိန်ခင်းခဲ့ပါတယ်။ လူမျိုးဘာသာမရွေး တစ်အိမ်ထောင်လျှင် ဆား ၅၀ နှုန်းနှင့် ဆားပိသာချိန်တစ်သောင်း လှူဒါန်းခဲ့ပါတယ်။ (၁၉)ကြိမ်မြောက် ကထိန်ခင်းမည့် ကျောင်း ၁၅၃ ကျောင်း ရှိတဲ့အတွက် ပထမအကြိမ်ကထက် ကျောင်းပေါင်း ၅၇၃ ကျောင်း ပိုလာပါတယ်။

(၁၉)ကြိမ်မြောက် စုပေါင်းမဟာကထိန်တော် ဖြစ်မြောက်ရေးအစည်းအဝေးကို ၂၀၂၆ခုနှစ်၊ စက်တင်ဘာလ ၂၆ရက် မွန်းလွဲ ၁ နာရီက အသင်း ချုပ်ရုံးမှာ ပြုလုပ်ခဲ့ပါတယ်။ အသင်းဥက္ကဋ္ဌ ဦးလှဝင်းသည် ယမန်နှစ်များက အတွေ့အကြုံများပေါ်မူတည်ပြီး တက်ရောက်လာတဲ့ ကော်မတီဝင်များ၊ အသင်းခွဲ ဥက္ကဋ္ဌများ၊ အသင်းထောက်အဖွဲ့ဝင်များရဲ့ မေးမြန်းချက်များကို ဖြေကြားပါတယ်။ ယခုနှစ် အတွက် ဖြည့်စွက်သင့်တဲ့အချက်များ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပါတယ်။ ကထိန်ပွဲကြီး ဖြစ်မြောက်ရေးအတွက် ဦးစီးကော်မတီစီမံခန့်ခွဲရေးစတဲ့ ကော်မတီ အသီးသီးဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို ခွဲဝေပေးပါတယ်။ သင်္ကန်းအသုံးအဆောင် ပစ္စည်း၊ စားသောက်ကုန်၊ စာရေးကိရိယာများ ပါဝင်ပြီး အသင့်သီးထားတဲ့ ပဒေသာပင်တစ်ပင်လျှင် ငွေကျပ် ၁၃၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းဝံတောင်ရိုးရှိ ကျောင်းများအတွက် မိုးပေါ်ကျကထိန်အဖြစ် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့ သာသနာ့ပြုကျောင်းမှာ ပြုလုပ်မယ့် ရှင် ၁၀၀၀ပြွဲအတွက် ရှင်တစ်ပါး လျှင် ငွေကျပ် ၅၀၀၀၀နှုန်းနဲ့ လှူဒါန်းနိုင်ပါတယ်။ မိမိတို့ ဆန္ဒရှိတဲ့ လှူဖွယ်များကို ပဒေသာပင် သီးပေးပါတယ်။ ကမ္မဉ်းထိုးပေးပါတယ်။

အလှူခံမဏ္ဍပ်ကို သီတင်းကျွတ်လပြည့် နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တောင်စလင်းတိုက်သစ် ဘာဝနာဌာနရှေ့မှာ ၂၄ နာရီ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါတယ်။ ကိုယ်တိုင် မလာရောက်နိုင်ပါက ဖုန်း ၀၉-၆၆၀၈၅၁၀၃၉၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ အလှူခံမဏ္ဍပ် ဖွင့်ပွဲကို (၂၉-၁၀-၂၀၂၆) သီတင်းကျွတ်လပြည့် နံနက် ၇ နာရီ မှာ ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ကိုယ်တော်တိုင် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ကထိန်အောင်ပွဲကို တာရီလိတ်မြို့မှာ ဖေဖော်ဝါရီလ တွင် ကျင်းပမှာဖြစ်လို့ သာသနာ့ပြုခရီးစဉ်အဖြစ် လိုက်ပါနိုင်ပါတယ်။ ဗြိဋ္ဌလခန်မှာ ဖယ်ခုံရှင် ၁၀၀၀ ရှင်ပြုပွဲကိုလည်း သွားရောက်ကျင်းပမှာဖြစ်လို့ သာသနာ့ပြုခရီးစဉ် လိုက်ပါလိုသူများအတွက် ထပ်မံကြေညာပေးမှာ ဖြစ်ပါတယ်။ လွိုင်ကော်၊ ဖယ်ခုံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယမြို့များသို့ ရောက်ရှိမှာ ဖြစ်ပါတယ်။

တန်ဆောင်မုန်းလပြည့်မှာ သာမညဖလအခါတော်နေ့ ကျင်းပသလို မသိုးသင်္ကန်းရက်လုပ်ပွဲများ၊ ဆီမီးထွန်းပွဲများ၊ ဆေးပေါင်းခတဲ့ မယ်ဇလီဖူးသုပ် ဝေငှပွဲများ၊ ကျီးမနိုးပွဲများ၊ မခေါ်မုန့်လုံး(ခေါ်)မုန့်လုံးရေပေါ် လှူဒါန်းပွဲများ၊ ရပ်ကွက်အလိုက် ပျော်ပွဲရွှင်ပွဲများ၊ ဝိုက်ဆံကြဲတဲ့ အလှူပွဲများဖြင့် ပျော်ရွှင်ဖွယ်အတိ ပြည့်တဲ့အခါသမယ ဖြစ်ပါတယ်။ခြေခင်း၊လက်ခင်း သာယာပြီး နက္ခတ်စုံတဲ့ တန်ဆောင်မုန်းလပြည့်နေ့ဟာ ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့နေ့ဖြစ်လို့ တောင်စလင်းတိုက် ပတ်ဝန်းကျင်မှာ ခင်းကျင်းပြသထားတဲ့ ကထိန်ပဒေသာပင်များကို ကြည့်ညှိရင်း မုန့်လုံးရေပေါ် စားသုံးရန် ကြရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါတယ်။



စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

မိုင်းခုတ် နိုဝင်ဘာ ၅ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများကို ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ထို့နောက် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်၍ မှန်များ ပေးဝေခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

အသိပညာ လက်ကမ်းပါး

* မရိုင်းစေ
သမိုင်းလေ ချန်ထား ။
လူ့ကမ္ဘာ အကျိုးပြုကွယ်
ရေးရှုစေသား ။

* အတ္တ့ကို သုတ်သင်ဖယ်ရှား
မာန့်ကား မောင်းထုတ်နေ
စိတ်ထားဖြူစေ ။
ပရဟိတ ကောင်းမွန်ပေ
ဆောင်ရွက်လေ မမောတမ်း ။
လဲ့နေသူ ထူမတ်ပေးလို့
မနေးကြိုးပမ်း ။

* လောကကို အလှဆင်စမ်း
ကောင်းရာလမ်း ရွေးလျှောက်မယ် ။
မော်ကွန်းတင် ငါတို့သမိုင်း
မရိုင်းစေကွယ် ။
ကျင့်သုံးကြ တို့တွေရယ်
ရင်ထဲဝယ် စိတ်ကောင်းထား ။
အသိပညာ လက်ဆင့်ကမ်းလို့
(အိုကွယ်)
ကြိုးပမ်းစေသား ။ ။

ဇျမ်းရွာကျောင်းအိုသား

စာဖတ်ရှုနိုင်မှုမားရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၅ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အမှတ်(၁၁)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မှုမားရေး ကျောင်းစာအုပ်ငယ် အသိပညာ ဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန် အတွက် စာဖတ်ရှုနိုင်မြင့်မားရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် အမှတ်(၁၁) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က ကျောင်းသား၊ ကျောင်းသူများ ဘက်စုံထူးချွန်စေရန်နှင့် စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချ တတ်စေရန်၊ အားလပ်ချိန်တွင် စာပေများကို လေ့လာဖတ်ရှုသွားကြရန် အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာဖတ်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။



ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

စုစုအေး(ကျောက်ဆည်)

မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



မိုင်းဖျဉ်း နိုဝင်ဘာ ၅ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းဖျဉ်းမြို့၌ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ရာ မိုင်းဖျဉ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ကျပန်းစကားပြောပြိုင်ပွဲတွင် ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မြို့နယ်ပညာရေးမှူး၊ ခုမြို့နယ်ပညာရေးမှူးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

––*–*–*–*–*



မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မန္တလေး နိုဝင်ဘာ ၅ အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပမျောက်ရေးအသင်း(ဗဟို) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၁၁ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်ရှိ စံဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း၊ အောင်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေမိုင်က မူးယစ်ဆေးဝါးဆိုင်ရာ သမိုင်းကြောင်းများကို ရှင်းလင်းဟောပြောခဲ့ပြီး အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက အရက်၊ကွမ်းနှင့် ဆေးလိပ်တို့၏ ဆိုးကျိုးများအပြင် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို အသိပညာပေးဟောပြောခဲ့သည်။ **(ယာဝဲပုံ)**

ဆက်လက်၍ အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများကို မေးခွန်းများ မေးမြန်းခဲ့ပြီး မှန်ကန်စွာဖြေဆိုနိုင်သူများကို ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးသုံးစွဲမှုမှ ရှောင်ကြဉ်ကြရန်နှင့် မူးယစ်ဆေးဝါးကင်းစင်သော ဂုဏ်ပဒေသ တည်ဆောက်ရေးအတွက် မူးယစ်ဆေးဝါးမသုံးစွဲရေး သန္နိဋ္ဌာန်ကို စုပေါင်းရွတ်ဆိုခဲ့ကြသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝဂုဝ)**





နှစ်ပေါင်း ၂၁၀ ကျော်သက်တမ်းရှိ ဆုတောင်းပြည့်မဟာစေတီကြီးဘုရားနှင့် အရုံစေတီလေးဆူ ရွှေသင်္ကန်းကပ်လှူ ပူဇော်သွားမည်

ကျောက်မန်းတောင်း နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး၊ ရေသာဦးခရိုင်၊ ကျောက်မန်းတောင်းမြို့၌ နှစ်ပေါင်း ၂၁၀ ကျော်သက်တမ်းရှိ ဆုတောင်းပြည့်မဟာစေတီကြီးဘုရားနှင့် အရံစေတီလေးဆူ ရွှေသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်ရာ၊ ငြမ်းဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရွှေဟောင်းများသန့်စင်ခြင်းနှင့် စစ်ဆေးသုတ်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ဆုတောင်းပြည့်မဟာစေတီကြီးသည် ကျောက်မန်းတောင်းမြို့ တည်စက မြို့ဦး မြို့ထိပ်တွင် တင့်တယ်သပွာယ်စွာတည်ရှိခဲ့သော ဘုရားဖြစ်ပြီး ဘုရားတည်ထားသည့် မြန်မာသက္ကရာဇ် ၁၁၇၅ ခုနှစ်ကို ဥသြတွန်ပြီ စေတီတည်ဟု မှတ်သားခဲ့ကြသည်။ အဆိုပါ ဘုရားကြီးကို ရွှေဘိုမင်းလက်ထက် မြစ်စဉ်ဝန်ကြီး ဦးကြာရိုးတိုင်းခန်းလှည့်လည်စဉ်အခါ ကျောက်မန်းတောင်းမြို့သူအမေဝါနှင့် အကြောင်းပါခဲ့ပြီး မဟာစေတီကြီးကို တည်ထားကိုးကွယ်ခဲ့ကြောင်းနှင့် ဘုရားပွဲတော်ကို တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်မှ တန်ဆောင်မုန်းလကုန်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း၊ မှတ်တမ်းများအရ သိရသည်။

အဆိုပါဘုရားကြီးကို ဂေါပကအဆက်ဆက် ထိန်းသိမ်းလာခဲ့ကြပြီး မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်တွင် မြို့နယ်သံဃနာယကဆရာတော်များ၏ သြဝါဒကို ခံယူလျက် ဘုရားကြီးဂေါပကအဖွဲ့က စေတီတော်ကြီးနှင့်နှင့် အရံစေတီ ၄ ဆူတို့အား ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြပြီး ယခုအခါ ၉ နှစ်ကျော် ၁၀ နှစ်ဝန်းကျင်ရှိလာပြီဖြစ်ရာ ဘုရားကြီးမှာ လေဒဏ်၊ မိုးဒဏ် အစရှိသည့် သဘာဝဘေးဒဏ်များကြောင့် ရွှေများကွာကာ အမြင်မတင့်တယ်တော့သဖြင့် လက်ရှိဘုရားဂေါပကအဖွဲ့က မြို့နယ်သံဃနာယက ဆရာတော်ကြီးများထံမှ သြဝါဒကို ခံယူလျက် ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင် ဦးကျော်ကျော်က ပြောသည်။

ထိုသို့ စေတီတော်ကြီးနှင့် အရံစေတီ လေးဆူ ရွှေသင်္ကန်းကပ်လှူပူဇော်ရာတွင် ရွှေဆိုင်းတစ်ဆိုင်းလျှင် အချပ် ၁၀၀ ပါ ရွှေဆိုင်းပေါင်း ၁၁၀၀၀ ခန့်ကပ်လှူရမည်ဖြစ်ရာ ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် သိန်းပေါင်း ၅၀၀၀ ခန့် ကုန်ကျမည်ဖြစ်သဖြင့် ရပ်နီး၊ ရပ်ဝေးမှ ကုသိုလ်ပြုပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးတာ(ဂေါပကဥက္ကဋ္ဌ)ဖုန်း-၀၉-၄၃၁၀၀၅၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝံပုံ)(၄၅၆)**

ဒသမအကြိမ်မြောက် သက်တော်ရှည် သိက္ခာဝါတော်ကြီးမားတော်မူကြသည့် ဆရာတော်ကြီး(၂၆)ပါး ပူဇော်ပွဲကျင်းပ

တံတားဦး နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် ဒသမအကြိမ်မြောက် သက်တော်ရှည် သိက္ခာဝါတော်ကြီးမားတော်မူသည့် ဆရာတော်ကြီး ၂၈ ပါး ပူဇော်ပွဲကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီက တံတားဦးမြို့၊ ပန်းယျကျေးရွာ စိန်ဖူးဘုန်းတော်ကြီးကျောင်းအတွင်း၌ ကျင်းပခဲ့သည်။

ရွေးဦးရွာ 'နမောတဿ' သုံးကြိမ်ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး တက်ရောက်လာကြသည့် တပည့်ဒါယကာ၊ ဒါယိကာမများက မြို့နယ်သံဃာ့နာယက သြဝါဒစရိယဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တ ကောသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တပည့်ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က သက်တော်ရှည် သိက္ခာဝါတော် ကြီးမားတော်မူကြသည့် ဆရာတော်ကြီးများအား သြကာသကန်တော့ချိုးဖြင့် သံပြိုင်ပူဇော်ကန်တော့ကြရာ တံတားဦးမြို့နယ် သပ္ပတ်ပင်ကျေးရွာ ကံစွယ်ကျောင်းသက်တော်ရှည် ဆရာတော်ကဆုပေးချီးမြှင့်၍ သြဝါဒစကားမြွက်ကြားပေးပြီး တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တံတားဦးမြို့နယ် လက်ဆောင်ယူကျေးရွာ ရွာရှေ့ကျောင်းဆရာတော်နှင့် ထောက်ရစ်ကျေးရွာ ဓမ္မဝိကစဆရာတော်တို့မှ ဆုံးမသြဝါဒစကား မြွက်ကြားပေးကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များကိုယ်စား မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ပန်းယျကျေးရွာ စိန်ဖူးကျောင်းဆရာတော်နှင့် ဘေးလုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်များက ဝမ်းမြောက်စကားလျှောက်ထားကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ မြို့နယ်သံဃနာယက သြဝါဒစရိယဂိုဏ်းထောက်ပရိယတ္တိ စာသင်တိုက်ဆရာတော်မှ အနုမောဒနာတရား ချီးမြှင့်ပေးပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' ရွတ်ဆိုပြီးရုပ်သိမ်းကာ သက်တော်ရှည်သိက္ခာဝါတော်ကြီး ဆရာတော်ကြီးများအား လှူဒါန်းဖွယ်ရာများနှင့် ဝတ္ထုငွေများ၊ ဆွမ်းဆန်စိမ်းများကို လောင်းလှူကြသည်။



တံတားဦးမြို့နယ်အနေဖြင့် ပထမအကြိမ်တွင် ပူဇော်ခံသိက္ခာဝါတော်ကြီးများတော်မူကြသည့် ဆရာတော်ကြီး ၂၅ ပါး၊ ဒုတိယအကြိမ်တွင် ဆရာတော်ကြီး ၂၆ ပါး၊ တတိယအကြိမ်တွင် ဆရာတော်ကြီး ၂၆ ပါး၊ စတုတ္ထအကြိမ်တွင် ဆရာတော်ကြီး ၂၆ ပါး၊ ပဉ္စမအကြိမ်တွင် ဆရာတော်ကြီး ၂၁ ပါး၊ ဆဋ္ဌမအကြိမ်တွင် ဆရာတော်ကြီး ၂၇ ပါး၊ သတ္တမအကြိမ်တွင် ဆရာတော်ကြီး ပါး ၃၀၊ အဋ္ဌမအကြိမ်တွင် ဆရာတော်ကြီး ၂၆ ပါး၊ နဝမအကြိမ်တွင် ဆရာတော်ကြီး ၂၆ ပါး၊ ယခုနှစ် ဒသမအကြိမ်တွင် ဆရာတော်ကြီး ၂၈ ပါးကို ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၀၉)

––*–*–*–*

––*–*–*–*–*

(၁၉)ကြိမ်မြောက် ကထိန်အလှူခံမဏ္ဍပ်တော်ဖွင့်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၅

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် နယ်စပ်တောင်တန်းနှင့် ကမ်ရိုးတန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဦးဆောင်သော (၁၉)ကြိမ်မြောက် ကထိန်တော်အလှူခံမဏ္ဍပ်ကို အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီက ဆရာတော်ကိုယ်တိုင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်ဟု သိရသည်။

ယခုနှစ်တွင် နယ်စပ်တောင်တန်းနှင့် ကမ်ရိုးတန်းဒေသအချို့တွင် သာသနာပြုနေကြသည့် ဘုန်းတော်ကြီးကျောင်း စုစုပေါင်း ၁၅၈၃ ကျောင်းတွင် တစ်ကျောင်းလျှင် ပဒေသာပင် တစ်ပင်နှုန်း၊ ငွေကျပ် တစ်သိန်းသုံးသောင်းကျပ်နှုန်းဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ထို့အပြင် မိုးပေါ်ကျကထိန်အတွက် တစ်ပါး လျှင် ငွေကျပ် ရှစ်သောင်းဖြင့် လည်းကောင်း၊ ရှင်တစ်ရာပြုပွဲအတွက် တစ်ပါးလျှင် ငွေကျပ် ငါးသောင်းဖြင့်လည်းကောင်း၊ မဟာဗောဓိငါးထောင်တွင် ဘုရားတစ်ဆူ ငွေကျပ် တစ်သိန်း၊ ထီးတော်က ငွေကျပ် ခုနစ်သောင်းနှင့် နယ်စပ်တောင်တန်းအတွက် သီးခြားခြံစောင်တစ်ထည် ငွေကျပ် လေးထောင်ငါးရာဖြင့် အသီးသီး လှူဒါန်းနိုင်ပါကြောင်း အသိပေးဆော်နှိုးဆောင်ခဲ့သည်။

အဆိုပါ အလှူခံမဏ္ဍပ်တော်ဖွင့်ပွဲသို့ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်မှ ကော်မတီများ၊ ဖိတ်ကြားထားသည့် ဇည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ယခုနှစ် ကထိန်တော်ရေစက်ချအောင်ပွဲကို ရှမ်းပြည်အရှေ့ပိုင်း တာချီလိတ် ဗဟိုသာသနာပြုကျောင်းနှင့် ရှင် ၁၀၀ အတွက် ရှမ်းတောင်၊ ဖယ်ခုံသာသနာပြု ဗဟိုကျောင်းတို့တွင် ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(ကဆ)**

––*–*–*–*–*

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနှင့် ဓာတုပေဒဌာနကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ ငွေပဒေသာပင်လှူဒါန်း

မန္တလေး နိုဝင်ဘာ ၅

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ် ထောက်ပံ့ကျွမ်းကျင်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မန္တလေးတက္ကသိုလ်၊ ဓာတုဗေဒဌာနတွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဒေါ်နှင်းအေးဝင်း(၉၆ ဓာတု)က ကန်တော့ခံဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေကျပ် ၅ သိန်း၊ ဓာတုဗေဒဌာန ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဦးစိုးလွင်+ဒေါ်မြင့်မြင့်သန်း(၉၈ဃော်ပလတ်စတစ်)က ဓာတုဗေဒဌာန ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ ငွေကျပ် ငါးသိန်းတို့ကိုလှူဒါန်းရာ မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဆရာကြီးဦးတင်မောင်၊ ဥက္ကဋ္ဌဒေါက်တာသီတာဝင်းနှင့် ဓာတုဗေဒဌာနပါမောက္ခ၊ ဌာနမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)(၀၄၅)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ကိုးလုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် ဖြိုချ/ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံများမှ ၅-၁၁-၂၀၂၆ ရက် ယန္တရားဖြင့် ဖြိုချလျက်ရှိသည့် ခြောက်ထပ်အဆောက်အအုံ နှစ်လုံး။



နေပြည်တော် နိုဝင်ဘာ ၅

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင် အဆောက်အအုံ ကိုးလုံးကို စနစ်တကျဖြိုချ ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင် အဆောက်အအုံကိုးလုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံငါးလုံး စုစုပေါင်း အဆောက်အအုံကိုးလုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၄ လုံးကိုလည်း စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



မီးဘေးဘစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

ချောက် နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်ပြည်သူ့ဈေး မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီအချိန်က ချောက်မြို့နယ် ပြည်သူ့ဈေး၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးဝင်းက ဆောင်ရွက်ထားရှိမှု အစီအမံများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်ထံ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဈေး၌ မီးဘေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ရေနံမီးသတ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝင်းဆိမွန်(ပြန်/ဆက်)

ယူဂို့ပါလိင်္ဂဘောလုံးပြိုင်ပွဲ အမှတ်ပေးလိင်္ဂအဆင့် အနိုင်၊ အရှုံး NGB

အေစီမီလန်	၀ - ၂	ဖီရန်ဇာရို့စ်
ဆိုစီဒက်	၁ - ၁	လိုင်ယွန်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးပစ္စည်းများ(ဒုတိယအကြိမ်) အခမဲ့ဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၅

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးပစ္စည်းများ(ဒုတိယအကြိမ်)အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဓမ္မာသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအနီး ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန့်ဇင်၏ ဦးဆောင်မှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(နေပြည်တော်)တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များနှင့်အညီ လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစေရန်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းစေရန်နှင့် နောက်ခုံတွင် ပြန်စတေကာများ တပ်ဆင်စေရန် ရည်ရွယ်၍ ဆိုင်ကယ်စီးဦးထုပ် ၁၅၀ လုံး၊ နောက်ခုံတွင် ပြန်စတေကာ ၂၅၀ ခုနှင့် အသိပညာပေး လက်ကမ်းစာစောင် ၂၅၀ တို့အား အခမဲ့ဖြန့်ဝေခဲ့သည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အရာရှိများက ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၏ ဆိုးကျိုးများ၊ ဦးစားပေးမောင်းနှင်ရမည့် လမ်းစည်းကမ်းများနှင့် ယာဉ်စည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောကာ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းခဲ့ပြီး တက်ရောက်လာသူများကို စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) သျှင်ဦးမောင်

ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး Talk Show ပြုလုပ်

မိုင်းယောင်း နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် "ပလတ်စတစ်အမှိုက်စွန့်ပစ်မှုအန္တရာယ် သတိပြုဖွယ်" ခေါင်းစဉ်ဖြင့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး Talk Show ကို နိုဝင်ဘာ ၄ ရက် ခံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ကျွမ်းကျင်-၃(ရုပ်သံ) ဒေါ်နန်းစီဖောင်းတို့က ပလတ်စတစ်သည် လူတို့၏နေ့စဉ်ဘဝတွင် မရှိမဖြစ်အသုံးပြုနေရသည့် ပစ္စည်းဖြစ်နေသော်လည်း မျက်မှောက်ကာလတွင် ပလတ်စတစ်ညစ်ညမ်းမှုကြောင့် လူနှင့်တိရစ္ဆာန်တို့ သာမက ဂေဟစနစ်တစ်ခုလုံးကို ဘေးဥပဒ်ပေးနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာကြောင်း၊ ပလတ်စတစ်၏ အဓိကပြဿနာမှာ ပလတ်စတစ်သည် စက္ကူ၊ သစ်ရွက် အရိုက်၊ သစ်၊ ဝါး စသည့် ရောက်ရှိပါက ရေနေသတ္တဝါများအားလည်းကောင်း၊ ဒုက္ခပေးနိုင်သော ပလတ်စတစ်ထုတ်လုပ်သုံးစွဲခြင်းကို ဆင်ခြင်သင့်ပါကြောင်း စသည်များ ဆွေးနွေးခဲ့ကြသည်။

အလားတူ "အမှုခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားဖြင့် ကိုင်တွယ်ဖြေရှင်းခြင်း" ခေါင်းစဉ်ဖြင့် အမှုခိုင်းစေမှုနှင့် ပတ်သက်၍ အသိပညာပေး Talk Show နှင့် "ကြိုတင်ပြင်ဆင်ကာကွယ် သဘာဝဘေး အန္တရာယ်" ခေါင်းစဉ်ဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show တို့ကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

(၅၀၅)

ကြော်ငြာစာ

မန္တလေး၊ ချမ်းသေးသစ်မြို့နယ်၊ သိရိဟောဘအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၉)၊ ဦးပိုင်အမှတ်(၂၄)၊ ၂၈(A)လမ်း၊ ဂဂုလမ်းရှိ မောင်အေးကျော်(ပါ-၆)ဦး အမည်ပေါက် ဘိုးဘမြေကွက်အား မောင်အေးကျော်(လူမျိုဘဝ)၊ မိခင် ဒေါ်သွန်မေနှင့် ဖခင် ဦးဝင်းမောင်၊ မိခင် ဒေါ်တင်လှနှင့် ဖခင် ဦးမင်းလွင်(ခ)မင်းလွင်ဦး၊ ဒေါ်သန်းဌေး(ခ)ဌေးဌေး(အမျိုဘဝ)၊ ဦးချစ်မိန်(လူမျိုဘဝ)၊ ဇင်မွန်း ဦးအုံးမောင်တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီး၊ ဆွေးတို့မြစ်ကြသော ဒေါ်ဝိုင်(၉/မနတ(နိုင်)၀၄၇၆၉၉)၊ ဒေါ်သွန်သွန်ဝင်း (၉/ဗရတ(နိုင်)၀၀၄၄၂၁)၊ ဒေါ်ဝင်းယုလွင်(၉/မနတ(နိုင်)၀၄၇၉၆၀)၊ ဒေါ်ချိုချိုလွင်(၉/မနတ(နိုင်)၀၄၇၉၇၅)၊ ဒေါ်ပွားလွင်(၉/မနတ(နိုင်)၀၄၇၉၇၄)၊ ဦးနိုင်မင်းဦး(၉/အဓ(နိုင်)၀၀၀၇၉၅)၊ ဒေါ်ယဉ်မင်းလွင်(၉/အဓ(နိုင်)၀၂၁၄၉၉)၊ ဦးအောင်လွင်ဦး(၉/အဓ(နိုင်)၀၀၆၂၈၀)၊ ဦးအောင်မိုးဦး(၉/အဓ(နိုင်)၀၁၂၃၀)၊ ဦးအောင်ဝေဖြူဦး(၉/အဓ(နိုင်)၀၁၅၀၀၇)တို့က အပေးစာချုပ်၊ သေစာရင်း၊ တရားရုံးကမ်းကိုန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ၁-က မှတ်တမ်းတွင် ဦးအေးကျော်(ပါ-၆)ဦး အမည်ပေါက် မှတ်သားခွင့်ပြုပါရန်နှင့် အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာခင်းရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းသေးသစ်မြို့နယ်၊ သိရိဟောဘအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၉)၊ ဦးပိုင်အမှတ်(၂၄)၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ဂဂုလမ်းရှိ မောင်အေးကျော်(ပါ-၆)ဦး အမည်ပေါက် ဘိုးဘမြေကွက်အား မောင်အေးကျော်(လူမျိုဘဝ)၊ မိခင် ဒေါ်သွန်မေနှင့် ဖခင် ဦးဝင်းမောင်၊ မိခင် ဒေါ်တင်လှနှင့် ဖခင် ဦးမင်းလွင်(ခ)မင်းလွင်ဦး၊ ဒေါ်သန်းဌေး(ခ)ဌေးဌေး(အမျိုဘဝ)၊ ဦးချစ်မိန်(လူမျိုဘဝ)၊ ဇင်မွန်း ဦးအုံးမောင်တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီး၊ ဆွေးတို့မြစ်ကြသော ဒေါ်ဝိုင်(၉/မနတ(နိုင်)၀၄၇၆၉၉)၊ ဒေါ်သွန်သွန်ဝင်း (၉/ဗရတ(နိုင်)၀၀၄၄၂၁)၊ ဒေါ်ဝင်းယုလွင်(၉/မနတ(နိုင်)၀၄၇၉၆၀)၊ ဒေါ်ချိုချိုလွင်(၉/မနတ(နိုင်)၀၄၇၉၇၅)၊ ဒေါ်ပွားလွင်(၉/မနတ(နိုင်)၀၄၇၉၇၄)၊ ဦးနိုင်မင်းဦး(၉/အဓ(နိုင်)၀၀၀၇၉၅)၊ ဒေါ်ယဉ်မင်းလွင်(၉/အဓ(နိုင်)၀၂၁၄၉၉)၊ ဦးအောင်လွင်ဦး(၉/အဓ(နိုင်)၀၀၆၂၈၀)၊ ဦးအောင်မိုးဦး(၉/အဓ(နိုင်)၀၁၂၃၀)၊ ဦးအောင်ဝေဖြူဦး(၉/အဓ(နိုင်)၀၁၅၀၀၇)တို့က အပေးစာချုပ်၊ သေစာရင်း၊ တရားရုံးကမ်းကိုန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ၁-က မှတ်တမ်းတွင် ဦးအေးကျော်(ပါ-၆)ဦး အမည်ပေါက် မှတ်သားခွင့်ပြုပါရန်နှင့် အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာခင်းရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မဟာအောင်မြေမြို့နယ်၊ မဟာမြို့ပင်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆-၉)၊ ဦးပိုင်အမှတ်(၄+၉)၊ ၄၂လမ်း၊ ၆၂လမ်းနှင့်၆၃လမ်းကြားရှိ ဒေါက်တာ ကိုလေး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၁၄၀/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါသင်းကြူအေး(၉/ရမသ(နိုင်)၀၂၆၆၅၄)၊ ဦးဝင်းနိုင်(၉/ဆအ(နိုင်)၀၁၇၁၈၃)၊ ဦးဝင်းလွင်(၉/မနမ(နိုင်)၀၅၆၇၆၃)၊ ဒေါစံပယ်(ခ)စံပယ်ကိုလေး(၉/မနမ(နိုင်)၁၂၃၀၉၈)၊ ဦးခင်မောင်ထွေး(၉/အမဇ(နိုင်)၀၀၆၁၂၃)တို့က အမှုတွဲအမှတ်(၃၂၈၆/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၂၅+၂၆+၄၁+၄၂)အတွင်းမှ (၄၁)ခဲစင်း၊ ၄၉လမ်းနှင့်လမ်း၅၀ကြား၊ ၁၁၁လမ်းနှင့်၁၁၂လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးသောင်းရွှေ(၉/ပသက(နိုင်)၀၂၇၅၉၀)က တောဂရန်စာချုပ်နှင့်အတူ အမွေတွဲအမှတ်(၃၂၈၉/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၂၅+၂၆+၄၁+၄၂)အတွင်းမှ (၄၂)ခဲစင်း၊ ၄၉လမ်းနှင့်လမ်း၅၀ကြား၊ ၁၁၁လမ်းနှင့်၁၁၂လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးသောင်းရွှေ(၉/ပသက(နိုင်)၀၂၇၅၉၀)က တောဂရန်စာချုပ်နှင့်အတူ အမွေတွဲအမှတ်(၃၂၈၉/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ပြပုံ/ပြဌာနဒေါင်းရုးကူးခွင့် **ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည်အကြောင်းအရာ
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	
၁။	ဒေါ်ဝင်းသိန်ဝင်း(၇/သတ(နိုင်)၀၃၇၇၉၇)	၂၄လမ်းနှင့် ၂၄လမ်းကြား၊၆၂လမ်းနှင့်၆၃လမ်းကြား၊ပေဘာလျေးတံ့	ဦးမှတ်ကြီး(ပါ-၂)	အောင်မြေသစ်	၇၉၇	၃၅-က	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၂။	ဒေါ်ယဉ်သန်းမိုး(၉/မနမ(နိုင်)၀၅၂၇၂၂)၊ဒေါ်လိုင်လိုင်ထူး(၉/မနမ(နိုင်)၁၂၂၂၅) ဦးကျော်မိုးမိုး(၉/မနမ(နိုင်)၁၂၀၉၀၉)၊ဦးမြင့်ကျော်(၉/မနမ(နိုင်)၁၂၀၉၀၃)	၁၇လမ်းနှင့်၁၈လမ်းကြား၊၈၇လမ်းနှင့်၈၈လမ်းကြား၊အောင်မြေသစ်	ဦးမင်းမောင်(ပါ-၂)	အောင်မြေသစ်	သုဂ္ဂ	၅-၁၀ဆင်းတက်မြင်း	ခဲဆင်းအမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၃။	ဒေါ်ငြိမ်ငြိမ်း(၉/မနမ(နိုင်)၀၆၇၀၀၀)	၆၂(B)လမ်း၁၀၀လမ်းနှင့်၀၉လမ်းကြား၊ငါးနီသွား	ဦးသံထက်ညို	အောင်မြေသစ်	၇	၎၊+၇၊+၇၅+၆၂	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၄။	ဦးအေးဝင်း(၁၂/ဥတမ(နိုင်)၀၀၆၂၀)	၈၂လမ်း၊၉၂လမ်းနှင့်၃၀ကြား၊ချမ်းအေးသာစံအရှေ့	ဒေါ်ဟာဘီထက်(၁)ဆီလီ	ချမ်းအေးသာစံ	၅၈၄	၃၀	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၅။	ဒေါ်ကြည်ဇွ(၉/မဟတ(နိုင်)၀၂၇၈၅၅)	၅၂လမ်း၊၁၀၈လမ်းနှင့်၁၀၉လမ်းကြား၊အောင်ပင်လယ်	ဦးသန်းလွင်	ချမ်းမြသာစည်	၈၀-၅	၁၆	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၆။	ဦးလင်္ကာနိုင်(၉/မနတ(နိုင်)၀၆၁၀၇၃)၊ဒေါ်ချိုချိုရီ(၉/မနတ(နိုင်)၀၆၁၀၇၄) ဒေါ်အိအိသော့(၉/မနတ(နိုင်)၀၀၇၉၁၀)၊ဒေါ်ထွေးအောင်ဝိုင်(၉/မနတ(နိုင်)၀၀၇၈၈၇)	၇၅လမ်းနှင့်၅၆လမ်းကြား၊၁၂၂လမ်းနှင့် ၂၂၄လမ်းကြား၊(ဃ)	ဦးမောင်မောင်	ပြည်ကြီးဈေးခွန်	အ-၂၀	၅၂	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၇။	ဦးကိုကိုဦး(၀/ထလန(နိုင်)၀၀၀၅၅၂)၊ဒေါ်လဲ့လဲ့ဝင်း(၀/ထလန(နိုင်)၀၀၀၄၄၇)	၇၂လမ်းနှင့်၃၀လမ်းကြား၊၁၀၉လမ်းနှင့်၂၂၀လမ်းကြား၊ဝွေတော်ကျီရွာနှင်း	ဒေါ်သိင်းလွင်	ပြည်ကြီးဈေးခွန်	အ-၁၈	၅၅	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၈။	ဦးမိုးထိုင်ကျော်(၉/မနမ(နိုင်)၀၀၆၀၉၂)၊ဦးမြိုးထိုင်ကျော်(၉/အမဇ(နိုင်)၀၁၁၅၅၅) ဒေါ်နော်ပိတိုင်း(၁၄/ဘကလ(နိုင်)၂၉၁၇၂၆)	၁၅၇လမ်းနှင့်၁၆၀လမ်းကြား၊၈၂လမ်းနှင့်၈၃လမ်းကြား၊ပြည်လဲ့မုံမော	ဦးကျော်မြင့်(ပါ-၂)	အောင်မြေသစ်	၆၀	ယခင်၁၆-၁+၁၆က၊ ယခုဂွ၊+၇၄	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၉။	ဦးထွန်းဝ(၉/မနမ(နိုင်)၀၉၅၅၇၁)	လမ်း၂၀နှင့် ၂၁လမ်းကြား၊၈၉လမ်းနှင့်၉၀လမ်းကြား၊မင်းဘဲအိုကင်း	ဒေါ်သိန်းဟန်	အောင်မြေသစ်	၁၀၀	၂၅-၁၁ခဲစင်း	ခဲဆင်းအမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၁၀။	ဒေါ်ဝိုင်(၉/မနတ(နိုင်)၀၃၇၆၉၉)၊ဒေါ်ညွှန့်ညွှန့်ဝင်း(၉/မဟတ(နိုင်)၀၃၇၄၂၀) ဒေါ်ဝင်းယုလွင်(၉/မနတ(နိုင်)၀၄၇၉၆၀)၊ဒေါ်ချိုချိုလွင်(၉/မနတ(နိုင်)၀၄၇၉၇၅)၊ ဒေါ်ပွားလွင်(၉/မနတ(နိုင်)၀၄၇၉၇၄)၊ဦးနိုင်မင်းဦး(၉/အဓ(နိုင်)၀၀၀၇၉၅)၊ ဒေါ်ယဉ်မင်းလွင်(၉/အဓ(နိုင်)၀၂၁၄၉၉)၊ဦးအောင်လွင်ဦး(၉/အဓ(နိုင်)၀၀၆၂၈၀)၊ ဦးအေးမင်းဦး(၉/အဓ(နိုင်)၀၁၂၃၀)၊ဦးအောင်မိုးဦး(၉/အဓ(နိုင်)၀၁၂၃၀)	၂၂လမ်းနှင့် ၂၃လမ်းကြား၊၀၆လမ်းနှင့်၀၇လမ်းကြား၊ဦးမိုးသီဟမောအရှေ့	မောင်အေးကျော်(ပါ-၆)	ချမ်းအေးသာစံ	၂၄၉	၂၄	၁-က မှတ်တမ်းတွင် ဦးအေးကျော် ပါ-၆ ဦးအည်ပေါက်မှတ်သားခွင့်ပြုပါရန်နှင့် အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၁၁။	ဒေါ်ဝိုင်(၉/မနတ(နိုင်)၀၃၇၆၉၉)၊ဒေါ်ညွှန့်ညွှန့်ဝင်း(၉/မဟတ(နိုင်)၀၃၇၄၂၀) ဒေါ်ဝင်းယုလွင်(၉/မနတ(နိုင်)၀၄၇၉၆၀)၊ဒေါ်ချိုချိုလွင်(၉/မနတ(နိုင်)၀၄၇၉၇၅)၊ ဒေါ်ပွားလွင်(၉/မနတ(နိုင်)၀၄၇၉၇၄)၊ဦးနိုင်မင်းဦး(၉/အဓ(နိုင်)၀၀၀၇၉၅)၊ ဒေါ်ယဉ်မင်းလွင်(၉/အဓ(နိုင်)၀၂၁၄၉၉)၊ဦးအောင်လွင်ဦး(၉/အဓ(နိုင်)၀၀၆၂၈၀)၊ ဦးအေးမင်းဦး(၉/အဓ(နိုင်)၀၁၂၃၀)၊ဦးအောင်မိုးဦး(၉/အဓ(နိုင်)၀၁၂၃၀)	၂၂လမ်းနှင့် ၂၃လမ်းကြား၊၀၆လမ်းနှင့်၀၇လမ်းကြား၊ဦးမိုးသီဟမောအရှေ့	မောင်အေးကျော်(ပါ-၆)	ချမ်းအေးသာစံ	၂၄၉	၂၄	၁-က မှတ်တမ်းတွင် ဦးအေးကျော် ပါ-၆ ဦးအည်ပေါက်မှတ်သားခွင့်ပြုပါရန်နှင့် အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၁၂။	ဦးသန်းဦး(၉/မဂမ(နိုင်)၀၂၂၆၆)၊ဒေါ်ဌေးဌေးမွဲ(၉/မဂမ(နိုင်)၀၀၄၄၆၇) ဒေါ်ဌေးရီ(၉/မဂမ(နိုင်)၀၂၂၂၀၇)	၃၃လမ်း၊၀၅လမ်းနှင့်၀၆လမ်းကြား၊အောင်နန်းရိပ်သာအနောက်	ဦးကုန်းစး(ပါ-၂)	ချမ်းအေးသာစံ	၇၆၀	၇-က+၀-က	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၁၃။	ဒေါ်ဝိုင်(၉/မနတ(နိုင်)၀၃၇၆၉၉)၊ဒေါ်ညွှန့်ညွှန့်ဝင်း(၉/မဟတ(နိုင်)၀၃၇၄၂၀) ဒေါ်ဝင်းယုလွင်(၉/မနတ(နိုင်)၀၄၇၉၆၀)၊ဒေါ်ချိုချိုလွင်(၉/မနတ(နိုင်)၀၄၇၉၇၅)၊ ဒေါ်ပွားလွင်(၉/မနတ(နိုင်)၀၄၇၉၇၄)၊ဦးနိုင်မင်းဦး(၉/အဓ(နိုင်)၀၀၀၇၉၅)၊ ဒေါ်ယဉ်မင်းလွင်(၉/အဓ(နိုင်)၀၂၁၄၉၉)၊ဦးအောင်လွင်ဦး(၉/အဓ(နိုင်)၀၀၆၂၈၀)၊ ဦးအေးမင်းဦး(၉/အဓ(နိုင်)၀၁၂၃၀)၊ဦးအောင်မိုးဦး(၉/အဓ(နိုင်)၀၁၂၃၀)	၂၂လမ်းနှင့် ၂၃လမ်းကြား၊၀၆လမ်းနှင့်၀၇လမ်းကြား၊ဦးမိုးသီဟမောအရှေ့	ဦးမင်းမောင်(ပါ-၂)	ချမ်းအေးသာစံ	၂၄၉	၂၄	အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့
၁၄။	ဒေါ်ဝိုင်(၉/မနတ(နိုင်)၀၃၇၆၉၉)၊ဒေါ်ညွှန့်ညွှန့်ဝင်း(၉/မဟတ(နိုင်)၀၃၇၄၂၀) ဒေါ်ဝင်းယုလွင်(၉/မနတ(နိုင်)၀၄၇၉၆၀)၊ဒေါ်ချိုချိုလွင်(၉/မနတ(နိုင်)၀၄၇၉၇၅)၊ ဒေါ်ပွားလွင်(၉/မနတ(နိုင်)၀၄၇၉၇၄)၊ဦးနိုင်မင်းဦး(၉/အဓ(နိုင်)၀၀၀၇၉၅)၊ ဒေါ်ယဉ်မင်းလွင်(၉/အဓ(နိုင်)၀၂၁၄၉၉)၊ဦးအောင်လွင်ဦး(၉/အဓ(နိုင်)၀၀၆၂၈၀)၊ ဦးအေးမင်းဦး(၉/အဓ(နိုင်)၀၁၂၃၀)၊ဦးအောင်မိုးဦး(၉/အဓ(နိုင်)၀၁၂၃၀)	၂၈(A)လမ်း၊၀၇လမ်း၊သိရိဟောအရှေ့	မောင်အေးကျော်(ပါ-၆)	ချမ်းအေးသာစံ	၂၄၉	၂၄	၁-က မှတ်တမ်းတွင်ဦးအေးကျော် ပါ-၆ဦးအည်ပေါက်မှတ်သားခွင့်ပြုပါရန်နှင့် အမွေဆက်ခံစာချုပ်ချုပ်ထိုက်ခဲ့

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အမှားသီဓေးရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ်(၂၅)၊ မြေဧရိယာ (၀ ဒသမ ၀၅၀၀)ဧကက အကျယ်အဝန်းရှိ ဦးခင်မောင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက် အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ မြေစိုက်(၁)ထပ်အဆောက်အဦး၊ ရေ-မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် နေထိုင်ပိုင် ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်၊ နိုတြီကိုယ်စားလှယ်လွဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးလှဦး(၁၅)ဦးအလိန်(၁၂/လမန(နိုင်)၁၁၈၆၂၂)မှ ကျွန်ုပ်တို့၏ မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ခိုင်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ
စဉ့လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၃၆၁၀၆၂

အမှားသီဓေးရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(၄၃-ခ)၊ ဦးပိုင်နံပါတ်(၂၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၀၁)ဧကက အကျယ်အဝန်းရှိ ဒေါ်တင်ကြည် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်း ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်သန်း(၁၁)ဦးအိုက်ပို(၁/မကတ(နိုင်)၁၀၀၀၀၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ–	ဦးတင်အောင်မိုး (LL.B, LL.M)	ဒေါ်အိအိမွန် (LL.B, LL.M)
	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသဇင်အောင် (LL.M)	ဦးဖြိုးသာခန့်. (LL.B)	ဦးစည်သူအောင် (LL.B)	ဒေါ်သဲမိုမိုထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၊ ၀၉-၄၀၂၅၉၅၀၂

အမှားသီဓေးရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၇၂)၊ အိမ်အမှတ်(၁၅၅)နေ ဒေါ်ရီမာ(၁)ဒေါ်ဖြူဖြူဝင်း(၁၁)ဦးမောင်မောင်၊ မှတ်ပုံတင်အမှတ်(၉/မနမ(နည်း)၀၀၀၀၃၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီမာ(၁)ဒေါ်ဖြူဖြူဝင်း၏ သမီးဖြစ်သူ မဖောဇီယား(၁)မပိုးအိဝင်း(၁၁)ဦးရဲထွန်းလေး၊ မှတ်ပုံတင်အမှတ်(၉/အမဇ(နိုင်)၀၅၈၇၆၀)သည် မိခင်ဖြစ်သူနှင့် ဆွေမျိုးများ၏ ပြောဆိုဆုံးမမှုကို မလိုက်နာဘဲ မိမိသဘောဆန္ဒအတိုင်း နေ့အိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့်ပတ်သက်၍ မိခင်ဖြစ်သူအနေဖြင့် ပေါ်ပေါက်လာသော မည်သည့်ကိစ္စကိုမျှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်သလို လုံး၀ပတ်သက်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်း သည်းခံပါ။)

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရီမာ(၁)ဒေါ်ဖြူဖြူဝင်း	ဦးကျော်စွာမင်း(LL.B)
(၉/မနမ(နည်း)၀၀၀၀၃၇)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၉/၂၀၁၆)
	ဆ-၉/၇၃၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊
	မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၆၈၆၂၇

အမှားသီဓေးရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ယာဉ်ပျံရပ်ကွက်၊ ၅၈လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားနေ ဒေါ်မိမိမိုး(၁၈) ဦးမြင့်အောင်(၉/မဟမ(နိုင်)၀၃၂၆၅၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိမိမိုး၏ နာမည်ဂုဏ်သတင်းအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် Social Media ပိုင်းနှင့်ပတ်သက်သော Facebook, Viber, Messager, SMS, Tiktok, Instagram, Wechat, Whatsapp စသည့် ဆက်သွယ်ရေးကွန်ရက်နှင့်ပတ်သက်သောအရာ အားလုံးတို့တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မိမိမိုးအား ဂုဏ်သိက္ခာကျဆင်းစေသည့် စာသားများ၊ တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နစ်နာသည့်အပြုအမူများ၊ ပုံများအား ခွင့်ပြုချက်မရှိဘဲ မဟုတ်မမှန်သတင်းများ အွန်လိုင်းပေါ်တွင်သာမက အပြင်လူမှုအသိုက်အဝန်းတွင် ယူသုံးခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြုအမူ အပြောအဆိုများကို စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် စိတ်ပြိုငြင်အောင်ပြုလုပ်ပါက မည်သူမဆို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဂျူဇင်လတ်(စဉ်-၁၉၂၁၄)
တရားလွှတ်တော်ရှေ့နေ
တရုတ်တန်းရပ်၊ အမရပူရမြို့။ ဖုန်း ၀၉-၉၆၉၆၅၃၃၃၇

အမှားသီဓေးရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(၈/ဖခ၁)၊ အကျယ် ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးစိုးလွိုင် အမည်ပေါက် ဂရန်မြေကွက်အနက်မှ အနောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ခေါ်ဖြီးရတနာမောင်(၁၁)ဦးမောင်မောင်(၉/စကန(နိုင်) ၀၈၈၇၃၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါ သည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးမြင့်သူ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈

အမှားသီဓေးရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(၈/ဖခ၁)၊ အကျယ် ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးစိုးလွိုင် အမည်ပေါက် ဂရန်မြေကွက်အနက်မှ အနောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင် ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ခေါ်ဖြီးရတနာမောင်(၁၁)ဦးမောင်မောင်(၉/စကန(နိုင်) ၀၈၈၇၃၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါ သည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးမြင့်သူ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈

အမှားသီဓေးရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၁၈၇)၊ ဧရိယာပေ(၆၀×၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမောင်ရိန်(၁၁)ဦးလှမောင်(TDU-၀၇၉၄၁၅) အမည်ဖြင့် ချထားပေးသော မြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ ပေ (၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်တစ်ခြမ်းပေါ်ရှိ (၂)ထပ် အဆောက် အဦး၊ (ရေ-မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ခေါ်မြသန်းတင်(၁၁)ဦးစိန်မောင်(၉/မရတ(နိုင်)၀၀၅၁၈၅)နှင့် ခေါ်သက်မာဦး(၁၁)ဦးတင်ထွန်း(၉/မရတ(နိုင်)၀၀၅၃၀၉)တို့ (၂)ဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာ သည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဦးသန်းရွှေ	ဦးအောင်ဖြိုးမောင်	ဒေါ်နန်းဖြူဖြူအေး
B.A (Hist), H.G.P	LL.B	B.Sc . PGDL
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

၅၃လမ်းနှင့် ၁၁၀(A)လမ်းထောင့်၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၁၄၀၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၁၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၆၁)၊ ဦးပိုင်အမှတ်(၇-က+စ-က)၊ ၃၃လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြားရှိ ဦးအုန်းမေ၊ ဒေါ်ရင်မေ အမည်ပေါက် ဘိုးဘေးမြေကွက်အား (ဖခင်)ဦးအုန်းမေ၊ (မိခင်) ဒေါ်ရင်မေ၊ (သား)ဦးရွှဲကောင်(လူပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများ ဖြစ်ကြသော ဦးသန်းဦး(၉/မရမ(နိုင်)၀၂၂၆၃၆)၊ဒေါ်ဌေးဌေးနွဲ့(၉/မရမ(နိုင်)၀၁၄၃၆၇)၊ ဒေါ်ဌေးရီ(၉/မရမ(နိုင်)၀၂၂၂၀၇)တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကိုမိုးချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ဦးငုပဲသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြမီးကိုန့်နှင့် ပြေမိမံခန့်ခွဲရေးမှူးရုံး မန္တလေးမြို့ပြတော်ရည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးလျော်ကွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၂၂)၊ ဦးပိုင်အမှတ်(၂၂)၊ ၂၉လမ်း၊ ၈၀လမ်းနှင့် ၈၁လမ်းကြားရှိ ဦးစိန်ပါ-၂ အမည်ပေါက် ဘိုးဘေးမြေကွက်အား (ဖခင်)ဦးစိန်၊ (မိခင်)ဒေါ်ခုစံ၀၊ (သား)ဦးအေးကျော်(လူပျိုဘဝ)၊ (သား)ဦးရဲဆန်းမိန်း(လူပျိုဘဝ)၊ (သမီး) ဒေါ်သန်းဌေး(၉)ဒေါ်ဌေးဌေး(အမျိုးဘဝ)၊ (သမီး)ဒေါ်သြဘာမွေမွေ ခင်ပွန်း ဦးလင်းမောင်၊ သမီး ဒေါ်တင်လှနှင်း ခင်ပွန်း ဦးမင်းလွင်(၉)မင်းလွင်ဦး၊ သား ဦးအုန်းမောင်တို့ကွယ်လွန်၍ ကျန်ရစ်သူများ ဖွေးမော်တို့ဖြစ်ကြသော ဒေါ်ပို(၉/မနတ(နိုင်)၀၄၇၆၉၉)၊ ဒေါ်သြဘာလွင်(၉/မနတ(နိုင်)၀၄၇၉၇၅)၊ ဦးနိုင်မင်းဦး(၉/အဆ(နိုင်)၀၀၀၇၉၇)၊ ဒေါ်ဃဉ်မင်းလွင်(၉/အဆ(နိုင်)၀၁၁၅၉၉)၊ ဦးအောင်လွင်ဦး(၉/အဆ(နိုင်)၀၀၆၂၈၅)၊ ဦးအောင်မြင့်ဦး(၉/အဆ(နိုင်)၀၁၅၉၈၅)တို့က အရောင်းအဝယ်ပြုသူများ၊ သေစာရင်း၊ တရားရုံးကျမ်းကိုမိုးချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဦးငုပဲသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြမီးကိုန့်နှင့် ပြေမိမံခန့်ခွဲရေးမှူးရုံး မန္တလေးမြို့ပြတော်ရည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးလျော်ကွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၃၁)၊ ဦးပိုင်အမှတ်(၃)၊ ၂၉လမ်း၊ ၈၀လမ်းနှင့် ၈၁လမ်းကြားရှိ ဦးစိန်ပါ-၂ အမည်ပေါက် ဘိုးဘေးမြေကွက်အား (ဖခင်)ဦးစိန်၊ (မိခင်)ဒေါ်ခုစံ၀၊ (သား)ဦးအေးကျော်(လူပျိုဘဝ)၊ (သား)ဦးရဲဆန်းမိန်း(လူပျိုဘဝ)၊ (သမီး)ဒေါ်သန်းဌေး(၉)ဒေါ်ဌေး ဌေး(အမျိုးဘဝ)၊ (သမီး)ဒေါ်ညွှန့်မေနှင့် ခင်ပွန်း ဦး၀င်းမောင်၊ သမီး ဒေါ်တင်လှနှင်း ခင်ပွန်း ဦးမင်းလွင်(၉)မင်း လွင်ဦး၊ သား ဦးအုန်းမောင်တို့ကွယ်လွန်၍ ကျန်ရစ်သူများ ဖွေးမော်တို့ဖြစ်ကြသော ဒေါ်ပို(၉/မနတ(နိုင်) ၀၄၇၆၉၉)၊ ဒေါ်သြဘာလွင်(၉/မနတ(နိုင်)၀၄၇၉၇၅)၊ ဦးနိုင်မင်းဦး(၉/အဆ(နိုင်)၀၀၀၇၉၇)၊ ဒေါ်ဃဉ်မင်းလွင်(၉/အဆ(နိုင်)၀၁၁၅၉၉)၊ ဦးအောင်လွင်ဦး(၉/အဆ(နိုင်)၀၀၆၂၈၅)၊ ဦးအောင်မြင့်ဦး(၉/အဆ(နိုင်)၀၁၅၉၈၅)တို့က အရောင်းအဝယ်ပြုသူများ၊ သေစာရင်း၊ တရားရုံးကျမ်းကိုမိုးချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဦးငုပဲသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြမီးကိုန့်နှင့် ပြေမိမံခန့်ခွဲရေးမှူးရုံး မန္တလေးမြို့ပြတော်ရည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာချက်

မန္တလေးမြို့တော်ပြင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ ဆိုင်ခန်းများသည် ဆိုင်ခန်းအမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက နိုင်ငံသောအထောက်အထားများနှင့်အတူ (၇)ရက်အတွင်း ရေးနှင့်သားသမီးဥာဏ်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းအမည်ပြောင်းလဲခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

စဉ်	ရေးသားအမည်	ဆိုင်အမှတ်	မူလအမည်ပေါက်	လွှဲပြောင်းလက်ခံသူအမည်
၁။	အဆင့်မြင့်ရေးဆို	မြေညီထပ်၊ ဆိုင်အမှတ်(E-၅၂)	ဒေါ်နွယ်နီလွိုင်	ဒေါ်ခင်းအိခိုင်
			၅/မရန(နိုင်)၁၅၉၀၀၈	၅/မရန(နိုင်)၂၃၁၀၉၉
